# တေဇ ရုပ်စုံ

အတွဲ (၃၅)၊ အမှတ် (၅)၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ



မြဝတီ

စာပေတိုက်ထုတ်

မဂ္ဂဇင်း၊ စာစောင်များ

လပေးမှာယူဖတ်ရှုနိုင်ပြီ





မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး – မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၄၂၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။







## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and looting under the pretext of sayings "for the people".

2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.

3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊





| | | |
|---|---|---|
| မောင်ငြိမ်းရည်(မင်းကင်း) | ကြည်နူးဖွယ် | ၂ |
| ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်) | ဦးဒေဝနှင့် ဦးသာလှ | ၃ |
| မြရတီ(ဒသနိက) | ထူးဆန်းလှတဲ့ယုန်ဘုရင်မလေး | ၉ |
| ရေနံ့သာမောင်ကျော်ညွန့် | စားမြို့ပြန်ခြင်း | ၁၃ |
| မောင်ဖျော်(ပေတစ်ပင်) | လိမ္မာယဉ်ကျေးသူတွေ ဖြစ်နိုင်ကြပါစေ | ၁၅ |
| စိုးစံ | ဆေးပုလင်းက ဆွေးနေတယ် | ၁၉ |
| ဇော်မြင့်နီ | တေဇတို့ရွှတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ(၇) | ၂၃ |
| ရေနံ့သာမောင်ကျော်ညွန့် | သူခိုးဖြစ်မည့် လမ်းစ | ၂၅ |
| တင်လင်းဇော် | မြန်မာဝေါဟာရကဗျာများ | ၂၉ |
| မမိုးမြင့်ကျော့မှူး | ယဉ်ကျေးမှုအမွေ မြန်မာစာပေ | ၃၀ |
| TTL | တီတီလေးနဲ့ပုံဆွဲမယ် | ၃၂ |
| ဒေါက်တာသန့်စင် (ရူပဗေဒ) | သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း (Einstein)နှင့် နျူကလီးယား စွမ်းအင်(Nuclear Energy) | ၃၃ |
| သန့်သူရ | ကမ္ဘာ့ထိပ်တန်း မသန်စွမ်း တင်းနစ်အားကစားမယ် အက်စတာဗာဂျီယာ | ၃၆ |
| အောင်ကျော် | စပိုက်ဒါမင်းနဲ့ဂျာအေး | ၃၇ |
| အောင်အောင်ထွေး | ဖွဲမလျှော့တဲ့ဖား | ၄၁ |
| မဖူးဖူး | သချ်ာဉာဏ်ရည် | အချပ်ပို(၁) |
| မွှေး | ရှာမယ်၊ ဖြည့်မယ် | အချပ်ပို(၂) |
| နောင်တေဇ | ဝက်ပါလမ်း | အချပ်ပို(၃) |
| တေဇမျက်နှာဖုံး | ရွှေရိုး | |



တေဇရှင်စိုးအလင်းစာအုပ်အဖွဲ့
မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉၄၅၀၃၂၅၈၄၅၁(တာတည်း)
၀၉၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
Email-tayzabooklet99@gmail.com
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - ၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ်
၀၀၈၁၃



စာတည်းမှူးချုပ်
နေနိုင်သူ
ဒုတိယစာတည်းမှူးချုပ်
မြင့်နိုင်
စာတည်းမှူး
ဇော်သိန်းဆင်း
တာဝန်ခံစာတည်း
ဂုဏ်လောစိုးနဲ့သာ
လက်ထောက်စာတည်း
ကြူကြူ၊ ပေမြင့်မိုးအောင်
စာစီနှင့်ဒီဇိုင်း
ကြူကြူ
စာပြင်
တာမာရီး အိအိကျော်
design yin htwe






# ကြည်နူးဖွယ်


နံနက်ဆည်းဆာ အလင်းဖြာ
နေ့သစ်မင်္ဂလာ။
ဖူးပွင့်ဝေဆာ ပန်းလေးများ
မွေးနံ့ဖြန့်ကာပွား။

ကမ္ဘာ့လူသား မြေသခင်
လောကဝန်းကျင်တွင်။
ရှည်ကြာစည်ပင် ဖွံ့ဖြိုးရေး
အတွေးလှကိုမွေး။

အားသစ်တေးဖွဲ့ သံချိုသီ
နေ့သစ်ဝန်ကိုချီ။
မောင်မယ်ကိုယ်စီ ရှေ့သို့မြန်း
ကြည်နူးဖွယ်စခန်း။ ။

မောင်ငြိမ်းရည်(မင်းကင်း)







တစ်ခါတုန်းက မြို့တစ်မြို့တွင် ဆန်ကုန်သည်ကြီး ဦးဒေဝဆိုသူ ရှိတယ်။


Once upon a time, there was a rice merchant called U Daywa in a town.

ဦးဒေဝတွင် ရွှေညိုဟု ခေါ်သော မြင်းကြီး တစ်ကောင်ရှိတယ်။

U Daywa had a horse whose name was Shwe Nyo.





မြင်းကြီးရွှေညိုဟာ ကြနံအင်္ဂါလက္ခဏာနဲ့ ပြည့်စုံပြီးအပြေးမြန်တယ်...
The horse Shwe Nyo had good features and could run fast.
ဦးဒေဝ တခြားမြို့တွေကိုခရီးထွက် တဲ့အခါတိုင်းလဲရွှေညိုကိုစီးသွား လေ့ရှိတယ်...
When U Daywa went to other towns, he used to ride Shwe Nyo.
ဦးဒေဝတို့မြို့မှာ လက်ဖက်ခြောက် ကုန်သည်ကြီးဦးသာလှဆိုသူ ရှိတယ်...
In U Daywa's town, there was a green tea merchant called U Thar Hla.
ဦးသာလှက ဦးဒေဝရဲ့ရွှေညိုကို လိုချင်တယ်...
U Thar Hla wanted to get U Daywa's horse, Shwe Nyo.
တစ်နေ့... One day,
ဦးဒေဝရေ...ရွှေညိုကို ကျွန်တော့်ကိုပြန်ရောင်းပါလား...
"U Daywa, sell me Shwe Nyo"


ခင်ဗျားလိုချင်တဲ့ငွေကြေးကို ကျုပ်ပေးပါ့မယ်...
"I will give you amount of money you want."
မဖြစ်ပါဘူးဗျာ...ရွှေညိုက ကျွန်တော့် သားသမီးလိုဖြစ်နေပါပြီ...
"No, Shwe Nyo is like my own children."
ခင်ဗျားငွေကြေးဘယ်လောက်ပေးပေး ကျုပ်ကတော့ ရွှေညိုကိုရောင်းမှာ မဟုတ်ဘူး...
"No matter how much money you give me, I will not sell Shwe Nyo."
ဦးသာလှက ဦးဒေဝနဲ့တွေ့တိုင်း ရွှေညို ကိုရောင်းရန်ပြောသော်လည်းဦးဒေဝက အမြဲငြင်းဆန်တယ်...
Whenever U Thar Hla met U Daywa, he told him to sell Shwe Nyo. But, U Daywa refused.


ဒါကြောင့် ဦးသာလှက ရွှေညိုကိုပိုင်ဆိုင်ရန်အကြံထုတ်တော့တယ်...
Therefore, U Thar Hla made a plan to possess Shwe Nyo.
တစ်နေ့တွင် ဦးသာလှသည်စောင်တစ်ကိုယ်လုံးခြုံပြီးရုပ်ဖျက်၍အဖျားတက်ချင်ယောင်ဆောင်ကာဦးဒေဝလာမဲ့လမ်းတွင်လဲလျောင်းနေတယ်...
One day, U Thar Hla covered his whole body with a blanket and pretended to be sick and lay on the way where U Daywa would come.
ဦးဒေဝရောက်လာသော်...
When U Daywa arrived,



ဟာ... လူတစ်ယောက်အဖျား တက်ပြီးလဲနေပါလား...
"Ha! is a man lying due to his fever?"
ငါဆေးဆရာဆီလိုက်ပြ ပေးမှပဲ...
"I will bring him to the medical man."
ဦးဒေဝကဦးသာလှကိုမြင်းပေါ်ခေါ်တင် ရန်ကြိုးစားလိုက်တယ်...
U Daywa tried U Thar Hla to get on the back of the horse.
ခင်ဗျားအရင်တက်ပြီးမှ ကျုပ်တက်မယ်...
"After you have got on the horse, I will also do."


ဦးသာလှသည် မြင်းပေါ်ရောက် တော့...
When U Daywa was on the back of the horse,
ကဲ...ခင်ဗျားမြင်းရွှေညိုကို ကျုပ်ပိုင်သွားပြီ...
"I have owned your horse, Shwe Nyo."
ကောင်းပြီလေ...ခင်ဗျားကျုပ်မြင်း ကို ယူသွားပါ။ ဒါပေမဲ့ မြင်းကို ဘယ်လိုရပါသလဲဆိုတာ ဘယ်သူ့ မှမပြောပါနဲ့...
"Never mind. You take my horse. But, don't tell anyone how you got the horse."
ဘာဖြစ်လို့လဲ...
"Why"
အဲဒီလိုဆိုရင် လမ်းဘေးမှာလဲကျ နေတဲ့လူတွေကို ဘယ်သူကမှ ကူညီချင်စိတ်ရှိမှာမဟုတ်တော့လို့ ပါ...
"If so, no one don't want to help the persons lying beside the road."
ထိုအခါကျမှ ဦးသာလှသည် သူ့ အမှားကို သိမြင်သွားတော...
Then, U Thar Hla knew his mistake.
ကျုပ်မှားပါတယ် ခင်ဗျားမြင်း ကို ပြန်ယူ ပါ...
"I've a mistake. Take your horse again."
ရပါတယ်ဗျာ...အမြင်မှန် ရတာပဲ ကျုပ်က ဝမ်းသာပါတယ်...
"Never mind. I'm happy as you see daylight."
ပြီး
END

တီတီပုံပြောမယ်

# ထူးဆန်းလှတဲ့ ယုန်ဘုရင်မလေး

မြရတီ(ဒဿနိက)



ဟိုးရှေးတုန်းအခါက ရွာတစ်ရွာမှာ အတော်အတန်ချမ်းသာကြွယ်ဝတဲ့ လယ်ပိုင်ရှင် မုဆိုးဖို အဘိုးအိုတစ်ဦးရှိတယ်။ သူ့မှာ မောင်ကြီး၊ မောင်လတ်နဲ့မောင်ထွေး ဆိုတဲ့ သားသုံးယောက်ရှိလေတယ်။

တစ်နေ့မှာတော့ လယ်ပိုင်ရှင် အဘိုးအိုဟာ သားသုံးယောက်ကို အသပြာငွေငါးရာစီပေးပြီး–

"ကဲ...သားတို့ အဲဒီငွေငါးရာစီယူပြီး သက္ကဝတီမြို့ကြီးဆီ သွားကြပါ၊ အဲဒီငွေငါးရာကနေ အသပြာငွေငါးထောင်၊ ငါးသောင်း အထိ တိုးပွားအောင် စီးပွားရှာကြပါ၊ ပြီးရင် အဖေ့ဆီပြန်လာကြပါ၊ စီးပွားအရှာနိုင်ဆုံးသူကိုတော့ အဖေ အမွေအများဆုံးပေးမယ်"

ဒီလိုနဲ့ သားသုံးယောက်ဟာ ကုန်သည်လှည်းတန်းနဲ့အတူ သက္ကဝတီမြို့ဆီ လိုက်ပါသွားကြတော့တယ်။

လမ်းခရီးတောစပ်တစ်နေရာမှာတော့ လှည်းတန်းကိုရပ်နားပြီး ညအိပ်စခန်းချကြတဲ့အခါ မောင်ထွေးတို့ ညီအစ်ကိုသုံးယောက်ဟာ ကညင်ပင်ကြီးအောက်မှာ အတူတကွ အိပ်စက်ကြလေတယ်။

နောက်နေ့မနက်မိုးမလင်းမီမှာပဲ ကုန်သည်တို့က ခရီးဆက်ထွက်ဖို့ပြင်ကြရာ မောင်ကြီးနဲ့ မောင်လတ်တို့က နိုးပြီး မောင်ထွေးကတော့ မနိုးသေးဘူးတဲ့။ စိတ်ထားမကောင်းတဲ့ မောင်ကြီးနဲ့မောင်လတ်တို့ဟာ မောင်ထွေးကိုမနှိုးဘဲ စားရေရိက္ခာတွေအကုန်ယူပြီး ကုန်သည်လှည်းတန်းနဲ့ ဆက်လက်လိုက်ပါသွားကြတော့တယ်။

"အဲဒီကောင်ထက် ငါတို့က မြို့ကို အရင်ရောက်ပြီး စီးပွားအရင်ရှာထားရမယ်၊ သူ့ဘာသာ နောက်မှ ဖြစ်သလိုလိုက်လာပါစေ"

ဒီလိုနဲ့ပဲ မနက်မိုးလင်းလို့ မောင်ထွေးနိုးလာတဲ့အခါမှာတော့ သူ့အစ်ကိုနှစ်ယောက်ရော ကုန်သည်လှည်းတန်းပါမရှိတော့တာမို့ စိတ်မကောင်းဖြစ်သွားရှာတော့တယ်။

"အင်း... ကုန်သည်လှည်းတန်း ဘယ်အချိန်ကထွက်သွားပါလိမ့်၊ ငါ့အစ်ကိုနှစ်ယောက်ကလဲ ငါ့ကိုတောင် နှိုးဖော်မရကြဘူး"

သူဟာ စိတ်ပျက်ပျက်နဲ့ပဲ သင်္ကဝတီမြို့ဆီမှန်းပြီး ခြေကျင်လျှောက်လှမ်းခဲ့ရာ ခင်တန်းတစ်ခုကိုအဖြတ် ချုံပုတ်တစ်ခုထဲကနေ ညည်းညူသံကို ကြားရလေတယ်။

"အား...အမယ်လေး မုဆိုးထောင်ချောက်မှာ ငါအမိခံနေရပါလား၊ ဒုက္ခပါပဲ...ဒုက္ခပါပဲ"

မောင်ထွေးဟာ ချုံပုတ်ထဲရှာဖွေကြည့်ရာ ဖြူဖြူဖွေးဖွေး ယုန်လေးတစ်ကောင် ထောင်ချောက်မှာမိနေတာကို တွေ့လိုက်ရတယ်။

"ဟာ...ယုန်လေးတစ်ကောင် ထောင်ချောက်ထဲမိနေရှာပါလား၊ သနားပါတယ်၊ ငါ ကယ်တင်လေမှပဲ"

ဒီလိုနဲ့ မောင်ထွေးဟာ ယုန်လေးကို ထောင်ချောက်ထဲကနေ ကယ်တင်ပေးလိုက်လေတယ်။

"ကျေးဇူးကြီးမားလှပါတယ် အစ်ကို၊ အစ်ကိုဟာ ကျွန်မရဲ့ အသက်သခင်ကျေးဇူးရှင်ပါပဲ၊ ဒါထက် အစ်ကိုက တစ်ယောက်တည်း ဘယ်ကလာလို့ ဘယ်ကိုသွားမှာပါလဲ"

မောင်ထွေးလဲ ယုန်မလေးကို အကျိုးအကြောင်းပြောပြလိုက်လေတယ်။

"သင်္ကဝတီမြို့ကိုမရောက်ဖူးလို့ ကုန်သည်လှည်းတန်းနဲ့လိုက်လာခါမှ ကျန်ရစ်ပြီး ဘယ်လမ်းကနေ ဘယ်လိုသွားရမှန်း မသိတော့ပါဘူး"

"အင်း...လမ်းမသိဘဲဆက်သွားရင် လမ်းမှားပြီး ကန္တာရတွေဘက် အစ်ကိုရောက်သွားလိမ့်မယ်၊ စားရေရိက္ခာအတွက်လဲ အခက်အခဲဖြစ်လိမ့်မယ်၊ လောလောဆယ် ကျွန်မတို့ဌာနေဆီလိုက်ခဲ့ပါ၊ အဲဒီမှာ စားရေရိက္ခာအပြည့်အစုံရှိပါတယ်၊ အစ်ကို့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျွေးမွေးပြုစုပါရစေ"

ဒီလိုနဲ့ ကြံရာမရဖြစ်နေတဲ့ မောင်ထွေးဟာ ယုန်မလေးခေါ်ဆောင်ရာ တောနက်ထဲကို လိုက်ပါသွားတော့တယ်။

တောနက်တစ်နေရာမှာတော့ ကြီးမားလှတဲ့ချုံကြီးတစ်ချုံကိုတွေ့ရပြီး ယုန်မလေးက အဲဒီချုံကြီးထဲဝင်သွားရာ မောင်ထွေးလဲ

"အစ်ကို...ကျွန်မဟာ အရင်က ဘုရင်မတစ်ပါးပါ၊ စုန်းမကြီးဒေါ်အိုဇာရဲ့ ပြုစားတာခံရပြီး ကျွန်မနဲ့အတူ ရံရွေတော်အားလုံး ယုန်ဘဝရောက်ခဲ့ကြတာပါ"

လိုက်ပါသွားရတော့တယ်။

"ဟာ...ဒါ...ဒါဟာ ရှေးဟောင်းအဆောက်အအုံကြီးပါလား၊ ချုံနွယ်တွေနဲ့ပိတ်ဖုံးနေလို့ ရောမချုံကြီးလို့ထင်ရတာပဲ"

ရှေးဟောင်းအဆောက်အအုံကြီးထဲမှာတော့ ယုန်တွေအများကြီးကို တွေ့လိုက်ရလေတယ်။

"အစ်ကို...ကျွန်မဟာ အရင်က ဘုရင်မတစ်ပါးပါ၊ စုန်းမကြီးဒေါ်အိုဇာရဲ့ပြုစားတာခံရပြီး ကျွန်မနဲ့အတူ ရံရွေတော်အားလုံး ယုန်ဘဝရောက်ခဲ့ကြတာပါ"

"အို...ဖြစ်မှဖြစ်ရလေ နှမရယ်"

"နှမတော်တို့ပိုင်ဆိုင်ပြီး လျှို့ဝှက်မြေတိုက်ခန်းကြီးထဲမှာ မြှုပ်နှံထားတဲ့ နန်းစဉ်ရတနာတွေ သူ့ကိုမပေးလို့ဆိုပြီး ဒေါ်အိုဇာက ပြုစားထားတာပါ၊ သူဟာ မကြာခဏလာပြီး နန်းစဉ်ရတနာတွေကို တောင်းလေ့ရှိပါတယ်၊ အဲဒီရတနာတွေ မပေးမချင်းပြုစားထားမှာပဲတဲ့"

ခမ်းနားလှတဲ့ ရှေးဟောင်းနန်းတော်ကြီးထဲမှာ ယုန်ဘုရင်မလေး တည်ခင်းတဲ့အစားအစာတွေကို စားသောက်ရင်း မောင်ထွေးဟာ ယုန်လေးတွေကို ကူညီဖို့ ဆုံးဖြတ်လိုက်တော့တယ်။

"နှမတော်တို့ကို အပြုစားခံဘဝကနေလွတ်မြောက်အောင် အစ်ကိုကူညီလိုပါတယ်၊ ဘယ်လိုကူညီရမလဲ ပြောပါ"

**"အမယ်...အမယ်**
**ဘယ်ကမလောက်လေးမလောက်စားကောင်လေးက**
**နင်တို့ဆီ ဘာလို့ရောက်နေတာလဲ၊ နင်တို့က**
**အားကိုးရှာထားတယ်ပေါ့လေ၊ ဟား...ဟား...ဟား...**
**အိုဇာ့ကို ဒီလိုလာစမ်းလို့ဘယ်ရမလဲ၊**
**အဲဒီကောင်လေးကိုပါ ငါ ပြုစားလိုက်မယ်"**

"စုန်းမကြီးဒေါ်အိုဇာလာရင် သူ့ရဲ့တပည့်မိစ္ဆာကောင်တွေပါ ပါလာလေ့ရှိတယ် အစ်ကိုရဲ့"

"ဒေါ်အိုဇာနဲ့ သူ့တပည့်မိစ္ဆာကောင်တွေရဲ့ရန်ကို ဖြိုခွင်းနိုင်မှ နှမတော်တို့တစ်တွေ ဒီဘဝကနေလွတ်မြောက်နိုင်မှာဖြစ်ပါတယ်"

"သူတို့ရဲ့ရန်ကိုဖြိုခွင်းနိုင်မဲ့ အဘယသိဒ္ဓိဓားဟာ လျှို့ဝှက်မြေတိုက်ခန်းကြီးထဲမှာရှိတယ် အစ်ကို"

"စုန်းမကြီးဒေါ်အိုဇာက ရုတ်တရက်ရောက်လာပြီး ရန်ပြုလို့သာ နှမတော်တို့ အဘယသိဒ္ဓိဓားကို အသုံးမပြုနိုင်ခဲ့တာပါ၊ အခုလို ယုန်ဘဝရောက်သွားပြန်တော့လဲ အဘယသိဒ္ဓိဓားကို ကိုင်တွယ်အသုံးမပြုနိုင်ပြန်ဘူး"

"အစ်ကို အဲဒီဓားနဲ့စုန်းမကြီးဒေါ်အိုဇာတို့ရဲ့ရန်ကို ဖြိုခွင်းပေးပါ့မယ် နှမတော်"

"လျှို့ဝှက်မြေတိုက်ခန်းကြီးရဲ့တံခါးကို လပြည့်နေ့ညသန်းခေါင်ယံမှာမှ ဖွင့်လို့ရတယ် အစ်ကို"

ဒီလိုနဲ့ပဲ မောင်ထွေးဟာ လပြည့်နေ့ညအထိစောင့်ပြီး ယုန်ဘုရင်မလေးရဲ့လမ်းညွှန်မှုနဲ့ လျှို့ဝှက်မြေတိုက်ခန်းကြီးရှိရာဆီကို လျှို့ဝှက်လမ်းကနေ မီးအိမ်ကို လက်မှကိုင်လျက် ဆင်းသက်သွားကာ သန်းခေါင်ယံအချိန်မှာ မြေတိုက်ခန်းကြီးရဲ့တံခါးက လျှို့ဝှက်ခလုတ်ကို လှည့်လိုက်တော့တယ်။

"ကျွီ...ကျွီ...ကျွီ"

လျှို့ဝှက်မြေတိုက်ခန်းကြီး

ရ

တံခါးကြီးလဲပွင့်သွားရော အတွင်းမှာ မြောက်မြားလှစွာသော အဖိုးတန်ကျောက်မျက်ရတနာတွေကို တွေ့ရတော့တယ်။

"ဟာ...ရတနာတွေအများကြီးပါလား"

ဒါပေမဲ့ ရိုးသားဖြောင့်မတ်လှတဲ့ မောင်ထွေးဟာ အဲဒီရတနာတွေကို စိတ်နဲ့တောင် မပြစ်မှားမိ

ဘဲ ရွှေကလပ်ကြီးတစ်ခုပေါ်က ရှေးဟောင်းကျောက်စီ အဘယသိဒ္ဓိဓားကြီးကိုသာယူငင်ပြီး နန်းတော်ဆီကို ပြန်တက်လာခဲ့တယ်။ နောက်သုံးရက်အကြာမှာတော့ ထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ အော်ဟစ်သံတွေကို ကြားရတော့တယ်။

"ဂူး...ဟား...ဟား...ဂူး...ဟား...ဟား...ဟား"

"အစ်ကို...စုန်းမကြီးဒေါ်အိုဇာတို့လာပြီ"

မောင်ထွေးလဲ အဘယသိဒ္ဓိဓားကြီးကိုဆုပ်ကိုင်လျက် စုန်းမကြီးဒေါ်အိုဇာတို့ကို ရင်ဆိုင်ဖို့ အသင့်ပြင်လိုက်တော့တယ်။

ခဏအကြာမှာပဲ အရုပ်ဆိုးအကျည်းတန်လှတဲ့ စုန်းမကြီးဒေါ်အိုဇာနဲ့ ကြောက်မက်ဖွယ်အသွင်သဏ္ဌာန်တွေရှိတဲ့ မိစ္ဆာကောင်ကြီးတွေ နန်းတော်ကြီးထဲကို ဝင်ရောက်လာကြတော့တယ်။

"အမယ်...အမယ် ဘယ်က မလောက်လေးမလောက်စားကောင်လေးက နင်တို့ဆီ ဘာလို့ရောက်နေတာလဲ၊ နင်တို့က အားကိုးရှာထားတယ်ပေါ့လေ၊ ဟား...ဟား...ဟား...အိုဇာ့ကို ဒီလိုလာစမ်းလို့ဘယ်ရမလဲ၊ အဲဒီကောင်လေးကိုပါ ငါပြုစားလိုက်မယ်"

စုန်းမကြီးဒေါ်အိုဇာက အဲဒီလိုခြိမ်းခြောက်လိုက်တယ်ဆိုရင်ပဲ မောင်ထွေးဟာ အဘယသိဒ္ဓိဓားဦးနဲ့စုန်းမကြီးကို ချိန်ရွယ်လိုက်တော့တယ်။ အဲဒီအခါ အဘယသိဒ္ဓိဓားဦးကနေ အပူလှိုင်းရောင်စဉ်တွေ လင်းခနဲဖြာထွက်သွားပြီး စုန်းမကြီးဒေါ်အိုဇာဟာ နောက်ပြန်ပစ်လဲကျသွားပါတော့တယ်။

"အမယ်လေး"

အဲဒီမှာတင်ပဲ စုန်းမကြီးရဲ့ တပည့် မိစ္ဆာကောင်ကြီးတွေဟာ မောင်ထွေးကို ပြေးဝင်တိုက်ခိုက်ကြတော့တယ်။

မောင်ထွေးက အဘယသိဒ္ဓိဓားကြီးနဲ့ ရဲဝံ့စွာခုခံတိုက်ခိုက်တော့ရာ မိစ္ဆာကောင်ကြီးတွေ အတုံးအရုံးသေဆုံးကုန်ကြတော့တယ်။

"ကဲဟာ...မိစ္ဆာတွေသေစမ်း"

"အား"

"အူး...ဟူး...ဟူး"

နောက်ဆုံး လဲကျနေရာက ထလာပြီး ဒေါသတကြီးခုန်အုပ်လာတဲ့ စုန်းမကြီးဒေါ်အိုဇာကို အဘယသိဒ္ဓိဓားကြီးနဲ့ပိုင်းချလိုက်တော့တယ်။

"ကောင်စုတ်လေးသေပေတော့"

"ကဲဟာ"

"ရွှတ်"

"အား"

စုန်းမကြီးဒေါ်အိုဇာနဲ့ မိစ္ဆာကောင်ကြီးတွေအားလုံးသေဆုံးကာ ပြာမှုန်တွေအဖြစ် လွင့်စဉ်ပျောက်ပျက်သွားကြတယ်ဆိုရင်ပဲ ယုန်ဘုရင်မလေးဟာ ချောမောလှပလွန်းတဲ့ လူသားဘုရင်မလေးပြန်ဖြစ်သွားပြီး သူ့ရဲ့ရုံရွှေတော်တွေအားလုံးဟာလဲ အပြုစားခံဘဝကနေ လွတ်မြောက်လျက် လူသားတွေပြန်ဖြစ်သွားကြတော့တယ်။

"နှမတော်တို့ကို အပြုစားခံဘဝကနေ လွတ်မြောက်အောင် ကူညီပေးခဲ့တဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်လှပါတယ်ရှင်"

အဲဒီနောက်မှာတော့ တောတွင်းဘုရင်မလေးက ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးအပ်လိုက်တဲ့ ရွှေငွေရတနာများစွာကို သယ်ဆောင်လျက် ဘုရင်မလေးကို နှုတ်ဆက်ကာ မြင်းဖြူကြီးစီးပြီး ရွာသို့ မောင်ထွေးပြန်လာခဲ့တော့တယ်။


သူ့အပေါ်ကောက်ကျစ်ခဲ့ကြတဲ့ မောင်ကြီးနဲ့မောင်လတ်ဟာ ငွေအသပြာထောင်ဂဏန်းလောက်နဲ့သာ ဖခင်ကြီးဆီ ပြန်လာနိုင်ကြပေမဲ့ ရိုးသားဖြောင့်မတ်ပြီး သူတစ်ပါးကိုကူညီတတ်တဲ့ မောင်ထွေးကတော့ တန်ဖိုးမဖြတ်နိုင်တဲ့ အဖိုးတန်ရွှေငွေရတနာများစွာနဲ့ ဖခင်ကြီးဆီ ပြန်လာနိုင်ပြီး ဖခင်ကြီးပေးတဲ့ လယ်ယာမြေများစွာကို အမွေအဖြစ်ဆက်ခံရရှိကာ ချမ်းသာကြွယ်ဝသွားတော့သတဲ့ကွယ်။ ။

**မြရတီ(ဒဿနိက)**

မြန်မာမှုဥပစာစကားများ

# စားမြို့မြန်ခြင်း

ရေနံ့သာမောင်ကျော်ညွန့်



"ဘဘကြိုက်တဲ့ ဗယာကြော် နဲ့ ဘူးသီးကြော်တွေဝယ်ခဲ့တယ် ဘဘ၊ ရေနွေးကြမ်းသောက်ရင်း စားလိုက်နော်ဘဘ"

မြေးဖြစ်သူက ဗယာကြော် နဲ့ ဘူးသီးကြော်တွေကို ပန်းကန်ပြား ထဲထည့်ပြီး ယူလာပေးတယ်။

"တစ်ခုဘယ်လောက်ပေးခဲ့ ရလဲ မြေးရဲ့"

"တစ်ခုတစ်ရာပါဘဘ၊ ဘဘ စားဖို့ ဘူးသီးကြော်နှစ်ခုနဲ့ ဗယာ ကြော်သုံးခု၊ ငါးရာဖိုးဝယ်ခဲ့တာပါ ဘဘ"

မြေးဖြစ်သူဝယ်လာတဲ့ဗယာ ကြော်နဲ့ ဘူးသီးကြော်ကိုကိုင်ကြည့် လိုက်တယ်။ ဒီတော့ ငယ်ငယ်တုန်း က စားခဲ့ရတဲ့ ကြီးလှခင်ရဲ့အကြော် တွေကို သတိရလာတယ်။ မြေးဖြစ် သူဝယ်လာတဲ့ ဗယာကြော်နဲ့ ဘူးသီး ကြော်က ကြီးလှခင်ရဲ့ ဗယာကြော် နဲ့ ဘူးသီးကြော်လောက် မကြီးဘူး။ မြေးဖြစ်သူဝယ်လာတဲ့အကြော်က သေးသေးလေးတွေပါ။ ဒါကိုပဲ တစ်ခု တစ်ရာနဲ့ ဝယ်စားနေရတယ်။

"ဘဘငယ်ငယ်တုန်းကလေ ကြီးလှခင်ကြော်ပြီး ရောင်းခဲ့တဲ့ ဘူးသီးကြော်၊ ဗယာကြော်တွေဝယ် စားခဲ့ရတယ်၊ အခုအကြော်တွေထက် ကြီးတယ်၊ ဝယ်စားရတာကလဲ တစ်ခု မှဆယ်ပြားပဲ၊ တစ်မတ်ဖိုးဝယ်ရင် သုံးခုတောင်ပေးတယ်"လို့ စကားစ ရုံပဲ စလိုက်ရသေးတယ်။ မြေးဖြစ် တဲ့သူက "ဘဘပြောတဲ့ ဆယ်ပြား တို့၊ တစ်မတ်တို့က ဘာတွေလဲ"လို့ မေးတော့တာပဲ။ ဒါနဲ့ "ဆယ်ပြား တို့၊ တစ်မတ်တို့ဆိုတာက ဘဘတို့ ငယ်ငယ်တုန်းက သုံးခဲ့ရတဲ့ပိုက်ဆံ အကြွေစေ့တွေပါ၊ မြန်မာကြေးငွေ တစ်ကျပ်တစ်ပြားနဲ့သုံးလို့ရတဲ့ အချိန် ပေါ့၊ ဘဘတို့သုံးစွဲခဲ့ရတဲ့ ပိုက်ဆံ တစ်ကျပ်က ပြားတစ်ရာနဲ့ညီတယ်၊ ဆယ်ပြားဆိုတာ တစ်ကျပ်ရဲ့ဆယ်ပုံ တစ်ပုံတန်ဖိုးရှိတယ်၊ တစ်မတ်ဆို တာ တစ်ကျပ်ရဲ့လေးပုံတစ်ပုံတန်ဖိုး ရှိတယ်၊ နှစ်ဆယ့်ငါးပြားကို တစ်မတ်

လို့ခေါ်တယ်၊ ဆယ်ပြားစေ့နှစ်စေ့၊ ငါးပြားစေ့တစ်စေ့က တစ်မတ်စေ့တစ်စေ့နဲ့ တန်ဖိုးအတူတူပဲ၊ နောက် ငါးမူးစေ့ဆိုတာ ရှိသေးတယ်၊ ငါးမူးစေ့တစ်စေ့က ပြားငါးဆယ် တန်ဖိုးရှိတယ်"

"မတ်စေ့ဆိုနှစ်စေ့၊ ဆယ်ပြားစေ့ဆိုငါးစေ့၊ ငါးပြားစေ့ဆိုဆယ်စေ့၊ ပြားစေ့ဆို ပြားစေ့ငါးဆယ်နဲ့ တန်ဖိုးချင်းတူတာပေါ့၊ ဘဘတို့ ငယ်ငယ်တုန်းကတော့ ပြားစေ့၊ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ မူးစေ့လို့ခေါ်တဲ့ ပိုက်ဆံအကြွေစေ့တွေကို သုံးခဲ့ရတယ်၊ အခုတော့ မသုံးကြတော့ပါဘူး"လို့ ရှင်းပြလိုက်ရတယ်။ အခုအချိန်မှာတော့ ဘဘပြောသလို ဆယ်ပြားဖိုး၊ တစ်မတ်ဖိုးဝယ်တဲ့သူလဲမရှိဘူး၊ ရောင်းတဲ့သူလဲမရှိတော့ပါဘူး၊ ဘဘပြောတဲ့ ပြားစေ့၊ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ မူးစေ့တွေကိုလဲ မြင်တောင်မမြင်ဖူးပါဘူး"လို့ ပြောနေရှာတယ်။

"ဘဘတို့သုံးခဲ့ရတဲ့ပိုက်ဆံအကြွေစေ့တွေကို ရှာပြီးပြပေးပါအုံးမယ်၊ ဘဘတို့သုံးခဲ့ရတဲ့ပိုက်ဆံအကြွေစေ့တွေက ရှားတော့ရှားနေပြီ၊ ဘဘတို့တုန်းကတော့ ပိုက်ဆံအကြွေစေ့တွေကိုင်ပြီး သုံးခဲ့ရတာပဲ၊ ဆန်တစ်ပြည်ကို ခြောက်ဆယ့်ငါးပြား၊ အမဲသား၊ ဝက်သား၊ ကြက်သားဆိုလဲ တစ်ပိဿာကို နှစ်ကျပ်၊ နှစ်ကျပ်ခွဲထက် မပိုဘူး၊ အခုကာလမှာတော့ ဆန်ဈေး၊ ဆီဈေး၊ အသားဈေး၊ ငါးဈေးက ဘဘတို့ငယ်ငယ်တုန်းကဝယ်ရတဲ့ဈေးနဲ့ မတူတော့ဘူး"

"ဟုတ်တယ်ဘဘ၊ အခု ဆန်တစ်ပြည်လေးထောင်၊ အမဲသား၊ ဝက်သား တစ်ပိဿာရှစ်ထောင်တဲ့"

"အခု မြေးလေးကျောင်းသွားရင် အမေကြီးက မုန့်ဖိုးဘယ်လောက်ပေးလဲ"

"ငါးရာပဲပေးတယ်ဘဘ၊ အမေကြီးပေးတဲ့ ငါးရာကနည်းတယ်နော်ဘဘ၊ မုန့်ဟင်းခါးတစ်ပွဲတောင် ဝယ်စားလို့မရတော့ဘူး"

"ဟား...ဟား...ဟား... အမေကြီးဆီ ပိုတောင်းလေကွာ၊ ဘဘတို့တုန်းကတော့ တစ်နေ့မုန့်ဖိုးဆယ်ပြား၊ ဆယ့်ငါးပြားပဲရတယ်၊ ဘဘတို့တုန်းကတော့ မုန့်ဟင်းခါးတစ်ပွဲမှ ဆယ့်ငါးပြားပဲ၊ တစ်ပွဲစားရင် ဗိုက်ပြည့်တယ်" လို့ ပြောပြလိုက်တယ်။

ကျုပ်နဲ့ကျုပ်မြေးတို့နှစ်ယောက်သားပြောနေတဲ့စကားတွေကို မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေတဲ့ အမေကြီးဖြစ်သူက ကြားနေရတယ်။ မီးဖိုချောင်ထဲကထွက်လာပြီး ကျုပ်နဲ့ကျုပ်မြေးတို့ စကားပြောနေတဲ့နေရာကိုရောက်လာတယ်။

"တကတဲတော်... ကလေးဝယ်လာတဲ့အကြော်တွေကို အခုထိမစားသေးဘူး၊ ကလေးဝယ်လာတဲ့အကြော်တွေကြည့်ပြီး ငယ်ငယ်ကအကြောင်းတွေကိုပြန်ပြောပြီး စားမြုံ့ပြန်နေတယ်"လို့ အလိုမကျဟန်နဲ့ ပြောပါလေရော။

ဒီတော့ မြေးဖြစ်သူကလဲ "ဘဘ...အမေကြီးပြောတဲ့ စားမြုံ့ပြန်တယ်ဆိုတာ ဘာလဲဟင်"လို့ ကောက်ကာငင်ကာမေးတော့တာပါပဲ။

"စားမြုံ့ပြန်တယ်ဆိုတာက ဥပစာစကားပါမြေးရဲ့၊ ထပ်တလဲလဲပြန်လည်ခံစားနေတယ်၊ တွေးတောနေတယ်၊ ပြောဆိုနေတယ်ဆိုရင် စားမြုံ့ပြန်တယ်လို့ ဥပစာစကားနဲ့ပြောကြတယ်၊ ဘဘငယ်ငယ်တုန်းက အကြောင်းတွေ ပြန်လည်တွေးတောခံစားပြီးပြောပြနေတာကို မြေးရဲ့ အမေကြီးက စားမြုံ့ပြန်နေတယ်လို့ ဥပစာစကားနဲ့ပြောလိုက်တာပါ"လို့ ရှင်းပြလိုက်ရပါတယ်။

ဒီတော့ မြေးဖြစ်သူက "ဘဘငယ်ငယ်တုန်းကအကြောင်းတွေကို စားမြုံ့ပြန်မနေပါနဲ့တော့ ဘဘရယ်၊ မြေးဝယ်လာတဲ့အကြော်တွေကို စားလိုက်ပါအုံး"လို့ ပြောတော့တာပေါ့။ ကျုပ်လဲ ရေနွေးကြမ်းသောက်ရင်း မြေးဝယ်လာတဲ့ ဗယာကြော်နဲ့ ဘူးသီးကြော်ကို စားပစ်လိုက်တယ်။ ကျုပ်မြေးကတော့ ရေနွေးကြမ်းသောက်ရင်းနဲ့အကြော်စားနေတဲ့ကျုပ်ကို ပြုံးပြုံးကြီးကြည့်နေပါတော့တယ်။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

တောဇလူငယ်နှင့် ယဉ်ကျေးမှုရှုထောင့်

# လိမ္မာယဉ်ကျေးသူတွေဖြစ်နိုင်ကြပါစေ

မောင်ဖျော်(ပေတစ်ပင်)



ချစ်သော တူ၊ တူမလေးတို့ရေ . . .

ဦးဌေးက အညာစွဲကြီးသူတစ်ယောက်လို့ ပြောရမယ်ထင်တယ်ကွဲ့။ ဘာလို့လဲဆိုတော့ ဦးဌေးအတွက် အညာကို(အထူးသဖြင့်) ကိုယ့်ဇာတိကိုလွမ်းစရာတွေက ရာသီတိုင်းမှာရှိနေတယ်လေ။

အခုလို တပို့တွဲလပြည့်နေ့နီးလာတော့လဲ တပို့တွဲလပြည့်နေ့ရောက်တိုင်း ဦးဒွေးတို့ရွာက လုပ်နေကျ ပုန်းမကြည်နတ်တင်ပွဲကို သတိရလွမ်းဆွတ်မိပြန်တယ်ကွဲ့။

တူ၊ တူမလေးတို့တော့ပုန်းမကြည်နတ်ဆိုတာကို ကြားဖူးကောင်းမှကြားဖူးပါလိမ့်မယ်။ ဦးဒွေးတို့လဲ ငယ်ငယ်တုန်းကတော့ ပုန်းမကြည်နတ်ဆိုတာပဲသိခဲ့တယ်။ သူ့ဇာတ်ကြောင်းကို မသိခဲ့ပါဘူး။ တပို့တွဲလပြည့်နေ့ရောက်ရင် ပုန်းမကြည်နတ်တင်လိမ့်မယ်။ ဒါဆို မုန့်စားရတော့မယ်ဆိုတဲ့ အသိလောက်ပဲရှိခဲ့တာပါ။

"တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း"တော့ ဖြစ်မှာပေါ့။ ဦးဒွေးတို့ရွာက ပုန်းမကြည်နတ်ပူဇော်ပွဲကိုတော့ တပို့တွဲလပြည့်နေ့မှာလုပ်တယ်ကွဲ့။ ဘာတွေနဲ့ပူဇော်သလဲဆိုတော့ မုန့်ဖြူ၊ မုန့်နီ၊ ကောက်ညှင်း၊ ထမနဲတွေနဲ့ပေါ့ကွယ်။ ညပိုင်းမှာ အဲဒီမုန့်တွေလုပ်ထားပြီး မနက်စောစောလေးနာရီလောက်မှာ အိမ်အောက်က စပါးထည့်ထားတဲ့ ပုတ်တွေ၊ စပါးကျီတွေပေါ်ကို ပုန်းမကြည်ပန်းခက်နဲ့အတူတင်ပြီးပူဇော်ရတာပါ။ အဲဒါကို ရွာကာလသားတွေက လူစုပြီး အပျော်သဘောနဲ့ တစ်ရွာလုံးလှည့်လို့ မုန့်တွေခိုးလာ၊ လမ်းဆုံလမ်းခွမှာစုဝေးဝိုင်းဖွဲ့ပြီး တပျော်တပါးစားကြတာပေါ့ကွယ်။ ဒါကြောင့်မို့အဲဒီမနက်ဆို တစ်ရွာလုံး ခွေးဟောင်သံတစီစီနဲ့ပေါ့။ ခွေးဟောင်သံကြားတာနဲ့ အိမ်ရှင်တွေကလဲ လူငယ်လေးတွေ မုန့်လာခိုးစားတယ်ဆိုတာ သိကြပါတယ်။

ဦးဒွေးအသက်အရွယ်လေးရမှ သိလာတာကတော့ အဲဒီပုန်းမကြည်နတ်ဆိုတာက အသီးအနှံအောင်မြင်ဖို့အတွက် ပူဇော်ပသတဲ့နတ်ဆိုတာထက် ဒီနတ်ဖြစ်ပေါ်လာပုံက မြတ်စွာဘုရားရှင်နဲ့ သက်ဆိုင်နေတယ်ဆိုတာ သိလာခဲ့ရတယ်။ တူ၊ တူမလေးတို့တစ်တွေလဲ စိတ်ဝင်စားမယ်ထင်ပါတယ်။ ဇာတ်လမ်းအကျဉ်းလေးပြောပြမယ်နော်။

ဒီဇာတ်လမ်းက ဓမ္မပဒလာကာဠီယက္ခိနီဇာတ်လို့ခေါ်တယ်ကွဲ့။ တစ်ခါတုန်းက ပုဏ္ဏားတစ်ယောက်ဟာ သူ့မိခင်ရဲ့ဆန္ဒအရ အိမ်ထောင်ပြုတယ်တဲ့။ ဒါပေမဲ့ သူတို့ဇနီးမောင်နှံက သားသမီးမရရှာပါဘူး။ အဲဒါနဲ့ မိခင်ဖြစ်သူက အမျိုးအနွယ်ဆက်မပြတ်ရအောင်ဆိုပြီး သူ့သားကို နောက်ထပ်အမျိုးသမီးတစ်ယောက်နဲ့ ထပ်ပြီးပေးစားသတဲ့။ ကာလအတိုင်းအတာတစ်ခုမှာ ဒုတိယဇနီးက ကိုယ်ဝန်ရလာတာပေါ့ကွယ်။ အဲဒီမှာ ပထမဇနီးက မနာလိုဝန်တိုစိတ်ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ဇနီးငယ်ရဲ့ ကိုယ်ဝန်ပျက်ကျအောင် အစားအစာတွေထဲမှာ ကိုယ်ဝန်ပျက်ကျဆေးတွေ ထည့်ကျွေးသတဲ့။ ဒါကြောင့် ကိုယ်ဝန်ဟာ မကြာခင်မှာပဲ ပျက်ကျသွားတော့တယ်။ ဒီနည်းနဲ့ ကိုယ်ဝန်သုံးခါတိတိပျက်ကျအောင်လုပ်ခဲ့တာပေါ့ကွယ်။ တတိယအကြိမ်မှာမှ ဇနီးငယ်က ဇနီးကြီးရဲ့အကြံအစည်ကိုရိပ်မိပြီး သူမသေခင်မှာ နောက်ဘဝကျရင် ဇနီးကြီးကို လက်စားပြန်ချေရပါလို၏လို့ ဆုတောင်းသွားသတဲ့။

နောက်ဘဝကျတော့ ဇနီးငယ်က ဒီအိမ်မှာပဲ ကြောင်မလာဖြစ်တယ်။ ဇနီးကြီးကလဲ သူ့ယောကျ်ားရဲ့ရိုက်နှက်မှုနဲ့သေပြီး ဒီအိမ်မှာပဲကြက်မပြန်လာဖြစ်သတဲ့။ ကြက်မ

ပုန်းမကြည်နတ်ဆိုတာက အသီးအနှံအောင်မြင်ဖို့အတွက် ပူဇော်ပသတဲ့ နတ်ဆိုတာထက် ဒီနတ်ဖြစ်ပေါ်လာပုံက မြတ်စွာဘုရားရှင်နဲ့ သက်ဆိုင်နေတယ်ဆိုတာ သိလာခဲ့ရတယ်။

က ဥ ဥတိုင်း ကြောင်မက လာစားပစ်သတဲ့။ အဲဒီမှာပဲ ကြက်မက စိတ်နာလို့ ဆုတောင်းပြီးသေတော့ နောက်ဘဝမှာ ကျားသစ်မလာဖြစ်ပြီး ကြောင်မကတော့ သမင်မလာဖြစ်ပြန်ရောတဲ့ကွယ်။ အဲဒီဘဝမှာ ကျားသစ်မက သမင်မမွေးတိုင်း လာလာစားတာပေါ့။ အဲဒီလို တပြောင်းပြန်ပြန် ရန်မကျေနိုင်ဘဲ သူ့ကိုငါသတ်၊ ငါ့ကိုသူသတ်နဲ့ ဘဝတွေပြောင်းလာလိုက်တာ ဦးဒွေးတို့ရဲ့ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာ တစ်ဦးကဘီလူးမဖြစ်ပြီး တစ်ဦးကတော့ လူသားအမျိုးသမီးဖြစ်လာသတဲ့။



အဲဒီဘဝမှာလဲ လူသားအမျိုးသမီးမွေးလာသမျှကလေးကို ဘီလူးမကအမြဲလာစားပစ်သတဲ့။ တတိယကလေးမွေးတော့ အမျိုးသမီးက ဘီလူးမလာစားမဲ့အဖြစ်ကို သဘောပေါက်ပြီး ကလေးကိုချီလို့ ဂေါတမမြတ်စွာဘုရားရှင်ဆီကို ပြေးလာသတဲ့။ နောက်ကဘီလူးမကလဲ ကလေးကိုစားဖို့ လိုက်လာတာပေါ့။ အဲဒီမှာ ဘုရားရှင်က 'မင်းတို့ရဲ့ အတုံ့အလှည့်သံသရာ ဘယ်တော့ဆုံးမှာလဲ'လို့ မေးပြီး ဇာတ်ကြောင်းပြန်ပြောကာ 'ရန်ကိုရန်ချင်းမတုံ့လျှင်းနှင့်'လို့ တရားဟောသတဲ့ကွယ်။ အဲဒီတော့မှ ဘီလူးမလဲ အကျွတ်တရားရ၊ ကလေးလဲအသက်ချမ်းသာရာရတော့တာပေါ့ကွယ်။ သံသရာတစ်လျှောက်လုံး အပြန်အလှန် အတုံ့အလှည့် လက်စားချေခဲ့တာတွေလဲ ဘုရားရှင်နဲ့တွေ့တော့မှပဲ ဇာတ်လမ်းပြတ်တော့တာပေါ့လေ။ ကလေးအမေနဲ့ဘီလူးမလဲ ရင်းနှီးချစ်ခင်သွားပြီး မြတ်စွာဘုရားရှင်ရဲ့စေခိုင်းချက်နဲ့ ကလေးအမေက ဘီလူးမကို အိမ်ခေါ်သွားသတဲ့။ ဘီလူးမက အပြင်လူတွေ မမြင်ရအောင် ပုတ်တွေ၊ စပါးကျီတွေနားမှာပုန်းခိုနေရင်း သူ့မိတ်ဆွေကို စိုက်ရေးပျိုးရေးလုပ်ငန်း အဆင်ပြေအောင်ကူညီပေးသတဲ့။ ဒီမှာတင် နံဘေးကလူတွေကပါ သူတို့ကိုပါ ကူညီပေးဖို့ တောင်းပန်ရာက၊ ပူဇော်ရာကနေ ပုန်းမကြည်နတ်သမီး ဆိုတာ ပေါ်လာတယ်ဆိုပဲကွဲ့။

ကဲ...ဒီအကြောင်းလေးကိုတော့ တူ၊ တူမလေးတို့တစ်တွေ လူကြီးသူမတွေပြောတာကိုကြားဖူးကြမယ် ထင်ပါတယ်။ ဒီဇာတ်ကြောင်းကိုဖတ်ပြီး တူ၊ တူမလေးတို့ရမဲ့သင်ခန်းစာကတော့ 'ရန်မလိုသော် ရန်ပြို၏။ ရန်လိုသော် ရန်ပို၏'ဆိုတဲ့ သင်ခန်းစာလေးပါပဲကွယ်။ တကယ်လဲ လူ့လောကမှာ ရန်ကိုရန်ချင်း ပြန်ပြီးတုံ့ပြန်နေရင်တော့ အဲဒီရန်စမီးဟာ မပြီးနိုင်မစီးနိုင် တောက်လောင်နေမှာပဲကွဲ့။ တစ်ဖက်

လူ့လောကမှာ ရန်ကိုရန်ချင်းပြန်ပြီးတုံ့ပြန်နေရင်တော့
အဲဒီရန်စမီးဟာ မပြီးနိုင်မစီးနိုင်တောက်လောင်နေမှာပဲကွဲ့။
တစ်ဖက်ကရန်လိုနေရင်တောင် ကိုယ်က အသိတရားရှိရှိ၊
သည်းခံစိတ်အပြည့်နဲ့ နောက်ဆုတ်ပေးမှသာ
အဲဒီရန်မီးဟာ ငြိမ်းသွားမှာပေါ့ကွယ်။

ကရန်လိုနေရင်တောင် ကိုယ်က အသိတရားရှိရှိ၊ သည်းခံစိတ်အပြည့်နဲ့ နောက်ဆုတ်ပေးမှသာ အဲဒီရန်မီးဟာ ငြိမ်းသွားမှာပေါ့ကွယ်။

ဒီလိုပြောတော့ တူ၊ တူမလေးတို့က 'ကိုယ်ကအညံ့ခံလိုက်ရင် တစ်ဖက်က ပိုပြီးဖိနှိပ်လာမှာပေါ့ ဦးဌေးရဲ့'လို့ စောဒကတက်ချင်ကြမယ်ထင်ပါတယ်။ ဒါလဲ မမှားဘူးကွဲ့။ တချို့လူတွေရဲ့သဘာဝက ငြိမ်ခံလေထုပ်ဖိပြီးနင်းချင်လေကိုး။ ဦးဌေးတို့အားလုံးဟာ ပုထုဇဉ်တွေမို့ တစ်ဖက်ကစော်ကားသမျှကို ငြိမ်ခံနေလောက်အောင်လဲ သည်းခံခြင်း တရားမပြည့်ဝကြဘူးလေနော်။ ဒါပေမဲ့ အရာရာမှာ ဒေါသရှေ့ထားရင်မှားတတ်တာမို့ သည်းခံခြင်းတရားကို လက်ကိုင်ထားပြီး ရန်ပွဲနဲ့ကြုံလာရင် ထိပ်တိုက်မတွေ့ဘဲ အလိမ္မာလေးနဲ့ရှောင်နေလိုက်တာက အကောင်းဆုံးပါပဲကွယ်။ 'သူ့ဂုဏ်ကိုနှိမ့် ကိုယ့်ဂုဏ်နိမ့်၏' ဆိုတဲ့စကားလို တစ်ဖက်သားနဲ့ ဖက်ပြိုင်ပြီးရန်ဖြစ်ရင် ကိုယ်လဲသူ့လိုပဲ မိုက်မဲသူတစ်ယောက်ဖြစ်သွားမှာပဲလေ။ ရန်ဖြစ်တယ်ဆိုတာ ရှက်စရာကောင်းတဲ့အလုပ်တစ်ခုမဟုတ်လားကွဲ့။ ရှောင်နိုင်လေကောင်းလေပေါ့ကွယ်။

ကဲ… ဒီတစ်လတော့ ဦးဌေးပြောချင်တဲ့အကြောင်းအရာလေးကတော့ ဒီလောက်ပါပဲကွယ်။ တူ၊ တူမလေးတို့တစ်တွေလဲ ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ လိမ္မာယဉ်ကျေးသူတွေဖြစ်နိုင်ကြပါစေကွယ်။ ။

တူ၊ တူမလေးတို့ရဲ့
ချစ်သောဦးဌေး
မောင်ဖျော်(ပေတစ်ပင်)

အချပ်ပို (၁) မှအဖြေ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 3 | 4 | 6 | 1 | 9 | 8 | 2 | 5 | 7 |
| 5 | 8 | 7 | 3 | 4 | 2 | 6 | 9 | 1 |
| 2 | 1 | 9 | 6 | 7 | 5 | 8 | 4 | 3 |
| 6 | 5 | 3 | 2 | 8 | 7 | 4 | 1 | 9 |
| 8 | 7 | 4 | 9 | 6 | 1 | 3 | 2 | 5 |
| 1 | 9 | 2 | 5 | 3 | 4 | 7 | 6 | 8 |
| 9 | 2 | 8 | 7 | 5 | 6 | 1 | 3 | 4 |
| 4 | 3 | 1 | 8 | 2 | 9 | 5 | 7 | 6 |
| 7 | 6 | 5 | 4 | 1 | 3 | 9 | 8 | 2 |


ဆေးပုလင်းက ဆွေးနေတယ်
ဇာတ်လမ်း၊ စောဂျူလိုင်
သရုပ်ဖော်၊ ကာတွန်း စိုးစန်
Medicine bottle was deteriorated
Story: Saw July
Illustration: Cartoon Soe San
သားရေ ကံကောင်း... အန်တီအေးအေးတို့ဆေးဆိုင်မှာ အမေ့လိမ်းဆေးပုလင်းသွားယူ ပေးပါကွယ်...
"Son, Kan Kaung, go to Aunty Aye Aye's pharmacy shop to bring a bottle of ointment."
မနေ့ကအမေဆေးဝယ်ပြီး မေ့ကျန်ခဲ့လို့...
"Yesterday, I bought the medicine and forgot it."
အိုး... သွားပြီကွာ...
"Oh! What a problem!"


မေမေကတော့ခိုင်းပြီ... ဟားဇော်ထက်အောင်နဲ့ ကစားမလို့ချိန်းထားတာ...
"Mother is asking me. I have an appointment to play with Zaw Htet Aung."
မေမေခိုင်းတာနဲ့ဆော့ချိန် မရှိတော့ဘူး...မယူပေးရင် အဆူခံရအုံးမယ်...
"As mother asks me, I have no time to play. If I don't, I will be scolded."
သားပြန်လာရင် အမေမုန့်ဖိုးပေးမယ် နော်...
"If you come back, I will give you pocket money."
အန်တီအေးအေးတို့ဆေးဆိုင် က မေမေမှာလိုက်တဲ့ဆေး ယူပြီးအမြန်ပြန်ရမယ်...
"After taking the medicine mother told from Aunty Aye Aye's pharmacy shop, I will go back quickly."


ကံကောင်း ကစားချိန်
မလျော့ရန်အတွက်
အမြန်ပြေးရာခလုတ်
တိုက်ပြီးချော်လဲ
တော့ပါ။
As Kan Kaung did not want to lose
his playing time, he ran quickly and tripped over.
ဟိုက်!
"Oh!"
"Er!"
အား...အီး...ကျွတ်..ကျွတ်..ကျွတ်
နာလိုက်တာ...
"Er! Ee! Kywut! Kywut! I am in pain."
ချွမ်း!...
"Khwun!"
ဘယ်မှာလဲ
အမေမှာလိုက်တဲ့
ဆေးပုလင်း...
"Where is the medicine
bottle I told?"


မေမေ့ရဲ့ဆေးပုလင်းအကြောင်း မပြောချင်တော့ပါဘူးမေမေရာ...
"I don't want to tell you about your medicine bottle, mother."
ဟဲ့...ငါ့ဆေးပုလင်းကဘာဖြစ်လို့လဲ၊ အန်တီအေးအေးကမပေးလိုက်ဘူးလား...
"What had happened to my medicine bottle? Didn't Aunty Aye Aye give you it?"
မေမေ မေ့ကျန်ခဲ့တယ်လို့ သားက မပြောဘူးလား...ဟဲ့ ငါမေးနေတယ်လေ...
"Didn't you tell her that I forgot it? I am asking you."
မေမေယူခိုင်းတာ ဒီဆေးပုလင်းမဟုတ်လား.... ဆေးပုလင်းကဆွေးနေတယ်၊ လမ်းမှာကွဲသွားပြီ... ဒီမှာလေ...
"Is this medicine bottle you asked you to bring? The bottle is deteriorated.It has been broken on the way. See here!"
ဟင်!
"Oh!"
ပြီး

တေဇတို့ရွတ်ဆိုဖို့

# သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ (၇)

ဇော်မြင့်နီ



တေဇကလေးတို့ ရွတ်ဆိုကြဖို့ ဦးဦး ကဗျာလေးတွေ စုပြီးရေးကူးပေးထားပါတယ်။ ဒီကဗျာလေးတွေက သဘာဝပတ်ဝန်းကျင်အကြောင်း ရေးဖွဲ့ထားတဲ့ကဗျာလေးတွေပါ။ ကဗျာလေးတွေကို ရှေးခေတ်စာဆိုတော်ကြီးတွေက ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ အခုလမှာတော့ စာဆိုတော်ကင်းဝန်မင်းကြီးရဲ့ 'ဆယ့်နှစ်ရာသီပန်းများ'ကဗျာလေးကို ရွတ်ဆိုကြစို့။ ဒီကဗျာလေးကိုတော့ စာဆိုတော် ဦးဖိုးလတ်စုဆောင်းတဲ့ 'ကျောင်းသုံးသီချင်းပဒေသာ'စာအုပ်ထဲက ထုတ်နုတ်ထားတာဖြစ်ပါတယ်။

**ဆယ့်နှစ်ရာသီပန်းများ**

ပန်းကံ့ကော် ရွှေစံကား၊
ငွေသားနု စံပယ်မန်။
မုလေး ခတ္တာနှင့်၊
ရွှေရင်းမာ ကြာခဝဲ၊
ဖွဲ့စနှင်းလျှံ။
သဇင်ကျုံ၊
ခွာတံ ပေါက်လဲ။
ပွင့်ဝတ်ကယ် ရွှေဖီမင်း၊
သင်းထုံနံ့ကဲ။

တေဇကလေးတို့ရေ...ကဗျာလေးကို ရွတ်ကြည့်၊ ဖတ်ကြည့်၊ ဆိုကြည့်လိုက်ပါအုံး။ စာဆိုတော်ကြီးတွေက ကဗျာလင်္ကာတွေကို ရွတ်လို့၊ ဆိုလို့ ကောင်းအောင်ရေးခဲ့တာဖြစ်ပါတယ်။ ကဗျာလေးကို ဖတ်ပြီးရင် ကဗျာထဲမှာပါတဲ့ ပန်းကလေးတွေကို ရေတွက်ကြည့်ပါအုံးကွယ်။ ပန်းကလေး ၁၃ မျိုးတွေ့ရပါလိမ့်မယ်နော်။

ဦးဦးနဲ့အတူ ရေကြည့်ကြရအောင်။ ကံ့ကော်ပန်း၊ စံကားဝါပန်း၊ စံပယ်ပန်း၊ မုလေးပန်း၊ ခတ္တာပန်း၊ ရင်းမာပန်း၊ ကြာပန်း၊ ခဝဲပန်း၊ သဇင်ပန်း၊ ခွာညိုပန်း၊ ပေါက်ပန်း၊ လဲပန်းနဲ့သရဖီပန်းတို့ကို တွေ့တယ်မဟုတ်လား။ မုလေးပန်းကို မြတ်လေးပန်းလို့လဲ ခေါ်တယ်။ ခွာတံဆိုတာ ခွာညိုပန်းကို ပြောတာပါ။ ပေါက်လဲဆိုတဲ့ စကားလုံးလေးတွေ့တယ်မဟုတ်လား။ ပေါက်ပန်း၊ လဲပန်းကိုပြောတာပါ။ ပန်းနှစ်မျိုးစလုံးက နွေဦးပေါက် တပို့တွဲလမှာ ပွင့်ကြတယ်။ ပေါက်ပန်းက နီနီရဲရဲနဲ့ အဆုပ်ဆုပ်အခိုင်ခိုင်ပွင့်ကြတယ်။ ပေါက်ပန်းပွင့်ချိန်ဆို တစ်တောလုံးတစ်တောင်လုံး မီးရှူးမီးပန်းတွေ ဆင်ထားသလို မြင်တွေ့ကြရတယ်။ ဒါကြောင့် ပေါက်ပန်းကို အင်္ဂလိပ်လို Flame of the Forest လို့လဲ ကဗျာဆန်ဆန်ခေါ်ကြသေးတယ်။ လဲပန်းကတော့ အဝါရောင်ရှိတယ်။ လဲပင်ကို လဲမှို့ပင်လို့လဲခေါ်တယ်။ တေဇကလေးတို့ရဲ့ အိပ်ရာထဲက ခေါင်းအုံးတွေထဲကို လဲမှို့တွေထည့်ရတယ်။

ငွေသားနုဆိုတာ စံပယ်ပန်းလေးရဲ့အရောင်ပေါ့။ ရွှေဖီမင်းဆို

တာ သရဖီပန်းကို ပြောတာပါ။ ဖွဲစ နှင်းလျှံကို ရွတ်ဆိုကြည့်ပါအုံး။ နှင်းတွေတဖွဲဖွဲကျတဲ့လ၊ နှင်းတွေ ဝေတဲ့လကို တေဇကလေးတို့ မြင်ယောင်သတိရလာပါလိမ့်မယ်။

ဒီပန်းလေးတွေဟာ သူ့လ၊ သူ့ရာသီမှာ အချိန်သင့် အခါသင့် ပွင့်ကြလေ့ရှိပါတယ်။ နွေမှာပွင့်တဲ့ ပန်း၊ မိုးမှာပွင့်တဲ့ပန်း၊ ဆောင်းမှာ ပွင့်တဲ့ပန်းတွေရှိတယ်။ နွေဦး၊ မိုးဦး၊ ဆောင်းဦးမှာပွင့်တဲ့ပန်းတွေ ရှိတယ်။ ဒီလို မြန်မာဆယ့်နှစ်လမှာ ပွင့်တဲ့ပန်းတွေကို စာဆိုတော်ကြီးက သီကုံးရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ တန်ခူးလအစ တပေါင်းလအဆုံး ပေါ့ကွယ်။

တန်ခူးလ – ကံ့ကော်ပန်း
ကဆုန်လ – စံကားဝါပန်း
နယုန်လ – စံပယ်ပန်း
ဝါဆိုလ – မုလေးပန်းခေါ်
မြတ်လေးပန်း
ဝါခေါင်လ –ခတ္တာပန်း
တော်သလင်းလ – ရင်းမာ
ပန်း
သီတင်းကျွတ်လ – ကြာပန်း
တန်ဆောင်မုန်းလ –ခဝဲပန်း
နတ်တော်လ – သဇင်ပန်း
ပြာသိုလ – ခွာညိုပန်း
တပို့တွဲလ – ပေါက်ပန်းနဲ့
လဲပန်း
တပေါင်းလ– သရဖီပန်း

အခုလိုပန်းမျိုးစုံတွေ ဥတုသုံးလီမှာ အချိန်အခါမပျက် လှလှ ပပဖူးပွင့်နေကြတာဟာ သဘာဝ ပတ်ဝန်းကျင်သာယာတဲ့သဘော ပေါ့ကွယ်။ ရာသီဥတုမျှတတဲ့ သဘောပေါ့။ ပြီးတော့ ပျား၊ ပိတုန်း၊ လိပ်ပြာနဲ့ ငှက်ကလေးတွေ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိတဲ့သဘောလို့လဲ တွေးနိုင်တာပေါ့ကွယ်။

ပန်းကလေးတွေ ပွင့်နိုင်ဖို့ ပျား၊ ပိတုန်း၊ လိပ်ပြာနဲ့ ငှက်ကလေးတွေက ကူညီကြတယ်။ သူတို့ကျေးဇူးကြောင့် ပန်းကလေးတွေ တစ်ပင်နဲ့တစ်ပင် ဝတ်မှုန်ကူးခွင့်ရကြတယ်။ ပျား၊ ပိတုန်း၊ လိပ်ပြာနဲ့ ငှက်ကလေးတွေ ချစ်စရာကောင်းပြီး ရှင်သန်နေနိုင်တာလဲ သဘာဝ ပတ်ဝန်းကျင်ကြီး ပျက်စီးမှုတွေမရှိလို့ပေါ့ကွယ်။ စမ်းရေလေးတွေ ကြည်လင်စီးဆင်းနေကြလို့၊ ကောက်ပဲသီးနှံတွေ ရင့်မှည့်နေကြလို့၊ သန့်ရှင်းတဲ့လေတွေ ရှူရှိုက်နေကြရလို့ပေါ့ကွယ်။ ပျား၊ ပိတုန်း၊ လိပ်ပြာနဲ့ ငှက်ကလေးတွေကို ထိခိုက်စေတဲ့ ပိုးသတ်ဆေးတွေ၊ ပေါင်းသတ်ဆေးတွေ၊ လူတွေရဲ့ ပယောဂတွေနဲ့ ကင်းရှင်းကြလို့ပေါ့ကွယ်။

ပန်းကလေးတွေ အခါရာသီနဲ့အညီ ဖူးပွင့်အလှဆင်နေကြတာဟာ ကောင်းမွန်တဲ့သဘာဝလောကကြီးနဲ့ ဆက်နွှယ်နေတယ်လို့ ဦးဦးက ပြောချင်တာပါ။

ဒီလိုပန်းကလေးတွေကို သတိပြုတတ်အောင်၊ ချစ်ခင်နှစ်သက်တတ်အောင် ရေးဖွဲ့ခဲ့တဲ့ စာဆိုတော်ကြီးကတော့ 'ကင်းဝန်မင်းကြီး' ဖြစ်ပါတယ်။ ၁၉ ရာစုက ပေါ်ထွန်းခဲ့တဲ့ စာဆိုတော်ကြီး တစ်ဦးပေါ့ကွယ်။ စာဆိုတော်ကြီးရဲ့ငယ်မည်က 'မောင်ချင်း'လို့ ခေါ်တယ်။ မိဘတွေက ဦးမှို့နဲ့ ဒေါ်စီတို့ဖြစ်တယ်။ မုံရွာမြို့အနောက်ဘက်ရှိ 'မင်းတိုင်ပင်ရွာ'ဟာ စာဆိုတော်ကြီးရဲ့ ဇာတိဖြစ်ပါတယ်။ ဟိုးတုန်းကတော့ မုန်တိုင်ပင်ရွာလို့ခေါ်ခဲ့ကြောင်း သိရတယ်။ စာဆိုတော်ကြီးဟာ မြန်မာနှစ် ၁၁၈၃ ခုမှာ မွေးပြီး ၁၂၇၀ ပြည့်မှာ ကွယ်လွန်ခဲ့တယ်။ အသက် ၈၆ နှစ် ရှိပါတယ်။ အသက်ကြီးသည့်တိုင် စာပေရေးသားခြင်းမှာ ပျော်မွေ့ခဲ့တယ်။

စာဆိုတော်ကြီးဟာ စာပေ ဗဟုသုတ လိုက်စားသူတစ်ယောက် ဖြစ်တယ်။ ဒါကြောင့်ပဲ ထင်ပေါ်ခဲ့တာဖြစ်ပါတယ်။ စာဆိုတော်ကြီးဟာ ပျို့၊ ကဗျာ၊ မော်ကွန်း စာမျိုးစုံ ရေးသားခဲ့တယ်။

အခုတော့ စာဆိုတော်ကြီးရဲ့ ပန်းကဗျာလေးကို ပန်းတွေကြည့်ရင်း၊ ပန်းတွေရူးရင်း၊ ပန်းပင်တွေ ရေလောင်းရင်း ရွတ်ဆိုကြရအောင်။ ကြည်နူးစရာကောင်းမှာပါ။ ။

**ဇော်မြင့်မို**

တေဇဝတ္ထုတို

# သူခိုးဖြစ်မည့် လမ်းစ

ရေနံသာမောင်ကျော်ညွန့်



အဖေ၊ အမေ၊ ညီမလေးနှင့် ကျွန်တော်တို့မိသားစု ညစာထမင်းကို ဝိုင်းဖွဲ့စားနေကြသည်။

"ဘကြီးစံပြည့် အောင်မြင့်ရှိလား"

အသံပေးပြီး အိမ်ဝိုင်းထဲသို့ ဝင်လာသည်။

"အေး...ရှိတယ်ကွ၊ ဘယ်သူလဲဟေ့၊ ထမင်းဝင်စားလှည့်အုံး"

"ဟော...ဘကြီးစံပြည့်တို့က ထမင်းစားနေကြတာလား၊ မစားတော့ပါဘူး၊ အိမ်ကသားတော်မောင်လေ အောင်မြင့်ဆီက သမိုင်းမှတ်စုစာအုပ်ငှားပေးစမ်းပါဆိုတာနဲ့ လာခဲ့တာ၊ နောက်မှပဲလာခဲ့တော့မယ်ဗျာ"

ထမင်းစားနေကြသည်ကို သိ၍ ပြန်သွားသည်။

"ကိုစံပြည့်ရေ ခုနက ထွန်းညို လာတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားပဲ၊ သူက လက်ဆော့ချင်တယ် နော်၊ ဟဲ့...သမီး အောက်ကဖိနပ် တွေရှိသေးရဲ့လား သွားကြည့်လိုက် ပါအုံး"

အောင်မြင့်မိခင်က တိုးတိုး လေးပြောလိုက်သည်။ သမီးဖြစ်သူ မှာ အိမ်အောက်သို့ ဆင်းပြီးကြည့် လိုက်ရသည်။

"မယ်ရွှေအေးကလဲ အလိုလို နေရင်း အကုသိုလ်ဖြစ်နေပါ့မယ်၊ သွေးရိုးသားရိုးနဲ့ လာတာဖြစ်ပါ လိမ့်မယ်"

"ထွန်းညိုက လစ်ရင်လစ် သလို ခိုးတာတော်ရေ့၊ ဟိုတစ်နေ့ ကလဲ အရီးညိုလှတို့အိမ်ကကြက် ကို ခိုးတာသူပဲတဲ့၊ အခုဆို ဖိနပ် တစ်ရန်က နှစ်ထောင်ထက်မနည်း ဘူး"

"ဖိနပ်တွေအားလုံးရှိပါတယ်၊ မပျောက်ပါဘူး"

အိမ်အောက်ဆင်းကြည့်ပြီး ပြန်လာသောသမီးက ပြောသည်။

"ဒါဆိုလဲပြီးရော၊ ထမင်း ဆက်စား"

"အင်း...ခိုးတတ်တဲ့အကျင့် ရှိတယ်ဆိုတော့ ဘယ်သူမှမယုံကြည် ကြဘူး၊ သားနဲ့သမီးတို့ သင်ခန်းစာ ယူစရာပဲ၊ လူတစ်ယောက်ရဲ့အကျင့် က သူ့ဘဝကိုနိမ့်ကျအောင်၊ မြင့် တက်အောင် ဖန်တီးပေးတာပဲ"

"ကိုထွန်းညိုကို လူတွေက သိပ်ပြီးအထင်သေးကြတာပဲနော်"

"သူ့အကျင့်က မကောင်းဘဲ ကိုးကွဲ့၊ လစ်ရင်လစ်သလို သူကလဲ ခိုးတာပဲ"

ခိုးတတ်သော အကျင့်ရှိသူ ကို လူအများက အထင်သေးကြ သည်။

ခိုးတတ်သောအကျင့်ရှိသူများ အိမ်လာလည်မှာကိုပင် ကြောက်ကြ ပါသည်။ ❑

> "အင်း ... ခိုးတတ်တဲ့အကျင့်ရှိတယ်ဆိုတော့ ဘယ်သူမှမယုံကြည်ကြဘူး၊ သားနဲ့သမီးတို့ သင်ခန်းစာယူစရာပဲ၊ လူတစ်ယောက်ရဲ့အကျင့်က သူ့ဘဝကိုနိမ့်ကျအောင်၊ မြင့်တက်အောင် ဖန်တီးပေးတာပဲ"

အောင်မြင့် ကျောင်းမှပြန် လာခဲ့သည်။ ရဲသားကြီးနှစ်ဦးက ကိုထွန်းရင်အား ဖမ်းဆီးခေါ်ဆောင် လာသည်။ အောင်မြင့်နှင့် လမ်းမ ပေါ်မှာ တွေ့ခဲ့ရသည်။ လက်ထိတ် ခတ်နှင့်ကိုထွန်းရင်သည် ရဲသား နှစ်ဦး၏ရှေ့မှ ခပ်ကုပ်ကုပ်လေး သွားနေရသည်။ သေနတ်လွယ်ထား သော ရဲသားကြီးများက နောက်မှ လိုက်ပါသွားကြသည်။

"ကိုထွန်းရင်ကို ရဲသားကြီး နှစ်ဦးက ဖမ်းသွားတာတွေ့ခဲ့တယ် ဖေဖေ၊ ဘာလို့ ဖမ်းသွားတာလဲ ဖေဖေ"

အိမ်ပြန်ရောက်ရောက်ချင်း အောင်မြင့်က မေးလိုက်သည်။

"သပြေပင်ရွာက နွားကိုခိုး လာလို့တဲ့သားရေ"

"ကိုထွန်းရင်က နွားခိုးလား ဖေဖေ၊ ကိုထွန်းညိုက ခုမှခိုးတတ် တဲ့အကျင့်ရှိတဲ့သူလို့ ညတုန်းကပဲ အဖေနဲ့အမေက ပြောသေးတယ်"

"ထွန်းရင်ကတော့ နာမည် ဆိုးမရှိခဲ့ဖူးဘူး၊ လူပေါင်းမှားလို့ နွားသူခိုးဘဝရောက်သွားတာကွဲ့၊ ပြည်သူ့ရဲတွေဆိုတာကတော့ကွာ မကောင်းမှုကျူးလွန်တဲ့ ဒုစရိုက် သမားမှန်သမျှကို ဖမ်းဆီးအရေး ယူရမှာပဲလေ"

"မကောင်းမှုကျူးလွန်ရင် ရဲက ဖမ်းရသလား"

"ပြည်သူ့ရဲတွေဆိုတာ တရား ဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး

နဲ့ အေးချမ်းသာယာရေး၊ ဒုစရိုက် သမားနှိမ်နင်းရေးကိစ္စတွေကို ပြည်သူတွေဘက်က ကူညီဆောင် ရွက်ပေးရတယ်၊ မကောင်းမှုကျူး လွန်ထားတဲ့ ဒုစရိုက်သမားတွေကို ပြည်သူ့ရဲတွေက ဖမ်းဆီးရတယ်၊ အချုပ်တန်အချုပ်၊ ထောင်တန် ထောင် အပြစ်ဒဏ်ရအောင် တရား စွဲရတယ်။ အချုပ်တို့၊ ထောင်တို့ဆို တာက မစည်ကားအပ်တဲ့နေရာ၊ ဒုစရိုက်သမားတွေကို ပညာပေး လေ့ကျင့်တဲ့နေရာပေါ့သားရယ်”

ပြည်သူ့ရဲဆိုသည်မှာ လူဆိုး၊ သူခိုး၊ ဒုစရိုက်သမားများကို ဖမ်း ဆီးအရေးယူ ပညာပေးလေ့ကျင့် နေကြသူများဖြစ်ကြောင်း အောင်မြင့် သိခဲ့ရလေပြီ။

❑

“အမေ သမီးစုထားတဲ့ ပိုက်ဆံလေးတွေကို ရှာလို့မတွေ့ တော့ဘူး”

“သမီးထားတဲ့နေရာ မေ့နေ ပါအုံးမယ်၊ အမေလဲမယူမိပါဘူး ကွယ်သမီးရယ်၊ သေသေချာချာ ရှာ ကြည့်စမ်းပါအုံး”

“ကြည့်ပြီးပါပြီ အမေရယ်၊ အမေမယူဘူးဆို ဘယ်သူယူလဲ၊ ကိုကိုယူသလား၊ ပြန်ပေးပါကိုကို”

“ဟာ... ဒီကလေးမ၊ နင့် ပိုက်ဆံကို ငါကဘာလုပ်ဖို့ယူမှာ တုန်းဟ”

“ဖိနပ်ဝယ်မယ်ဆိုပြီး မုန့် မစားဘဲ စုထားတဲ့ပိုက်ဆံလေးတွေ

> “မကောင်းမှုကျူးလွန်ထားတဲ့ ဒုစရိုက်သမား တွေကို ပြည်သူ့ရဲတွေက ဖမ်းဆီးရတယ်၊ အချုပ်တန်အချုပ်၊ ထောင်တန်ထောင် အပြစ်ဒဏ်ရအောင် တရားစွဲရတယ်။ အချုပ်တို့၊ ထောင်တို့ဆိုတာက မစည်ကားအပ်တဲ့နေရာ၊ ဒုစရိုက်သမားတွေကို ပညာပေးလေ့ကျင့်တဲ့နေရာပေါ့ သားရယ်”

မရှိတော့ဘူး”

“အီး...ဟီး...ဟီး”

အော်ဟစ်ငိုနေတော့သည်။

“ငိုမနေစမ်းပါနဲ့ သမီးရာ၊ အဖေမြို့ကိုသွားရင် ဖိနပ်တစ်ရန် ဝယ်လာခဲ့မယ်”

မုန့်မစားဘဲစုထားခဲ့ရသော ပိုက်ဆံလေးတွေကို နှမြောနေသည်။ နှမြောနေသော သမီးလေးက ငိုနေ ဆဲပင်ဖြစ်သည်။

“ဟ... စောစောစီးစီး ဘာလို့ ငိုနေတာတုံး”

ထိုစဉ် အဘဦးထွန်းဖဲရောက် လာသည်။ အိမ်ပေါ်တက်လာရင်း မေးလိုက်သည်။

“သူစုထားတဲ့ ပိုက်ဆံလေး တွေ ပျောက်သွားလို့ငိုနေတာပါ၊ ဘယ်သူမှမယူပါဘူး၊ သူ့ဘာသာ အထားမှားတာဖြစ်မှာပါ”

“ဟား...ဟား...ဟား...မင်း တို့အိမ်မှာ အိမ်တွင်းသူခိုးရှိနေပြီ ကွ” အဘဦးထွန်းဖဲပြောစကား ကြောင့် အောင်မြင့် မျက်နှာပျက် သွားသည်။

“မင်းရဲ့သား အောင်မြင့်လေ ကွာ မနေ့ကညနေ ကျောင်းဆင်း ချိန်မှာ သူတို့ချင်း ကြွေလှန်တမ်း ကစားတာ တစ်ရာ့ငါးဆယ်တောင် ရှုံးသတဲ့၊ အဲဒါကို ငါကြားလို့ ကြား တာနဲ့ချက်ချင်း မင်းကို လာပြော တာကွ”

“ဟော့ကောင် ... သူခိုးအောင် မြင့် လာခဲ့စမ်းကွာ”

တွေ့သည်နှင့် နှင်တံတုတ် နှင့် တဖြန်းဖြန်းရိုက်ပစ်လိုက် သည်။ အောင်မြင့် ခါးကော့သွား ပြီး ငိုလေတော့၏။

“တော်တော့ကွာ စံပြည့်၊ စောစောစီးစီးငိုတာ မင်္ဂလာမရှိဘူး”

“ကြီးလာရင် သူခိုးအကြီးစား ဖြစ်မဲ့အကောင်၊ အခုကတည်းက ခိုးတတ်နေပြီ၊ မင်းနာဖို့သာပြင်”

ဦးစံပြည့်က ပြောပြီးရိုက်ရန် ရွယ်လိုက်ပြန်သည်။ ဝင်ဆွဲထား

လိုက်သဖြင့် မရိုက်မိတော့ပေ။ အောင်မြင့်မှာ သူခိုးဟု ရင့်ရင့်သီးသီး အပြောခံရသဖြင့် ရိုက်သည်ထက် နာကျင်လှ၏။ ရှိုက်၍ ရှိုက်၍ ငိုလေတော့၏။

"ဟော့...သူခိုးလေး၊ မင်္ဂလာမရှိဘူးကွ၊ ငိုမနေနဲ့"

အောင်မြင့် ရှက်လှပါသည်။

ညနေကျောင်းဆင်းချိန်တွင် အောင်မြင့်ပြန်လာခဲ့သည်။ ဖခင်ဦးစံပြည့်လည်း ဒေါသပြေနေပြီ။ အောင်မြင့်ကတော့ ရင်မဆိုင်ရဲသေးပေ။ မျက်နှာငယ်လေးနှင့် ချောင်ကုပ်နေရသည်။

"အောင်မြင့် လာပါအုံးကွ"

အဖေက ခေါ်ပြန်သဖြင့် အောင်မြင့်ဒူးတုန်နေသည်။ ဖခင်ရှေ့မှာ ဝင်ထိုင်လိုက်သည်။

"ထွန်းရင်ကို လူတွေက ဘာလို့ အထင်သေးတာလဲ"

"နွားခိုးလို့ပါတဲ့ အဖေ"

"ခိုးတာ ကောင်းသလားကွ"

"မကောင်းပါဘူး အဖေ"

"နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သူတစ်ပါးပစ္စည်းကို မသိအောင်ယူရင် ခိုးတာပဲ၊ မင်းညီမလေးစုထားတဲ့ ပိုက်ဆံတွေကို သူမသိအောင်ယူတာ ခိုးတာပဲကွ"

အောင်မြင့်မှာ ဝမ်းနည်းစွာ ငိုရှိုက်နေ၏။

"မငိုနဲ့၊ ခိုးတတ်တဲ့အကျင့်ကို နောက်မကျင့်မိဖို့ အရေးကြီးတယ်၊ အဲဒီအကျင့်စွဲသွားရင် ကြီးတဲ့အခါ သူခိုးအကြီးစားဖြစ်မှာပဲ၊ ထွန်းရင်ကို ရဲတွေက နွားခိုးလို့ဖမ်းတာပဲ၊ ထွန်းရင်ကလူကောင်း၊ ဒါပေမဲ့ လောင်းကစားသမားနဲ့ ပေါင်းမိတော့ လောင်းကစားပွဲကို ရောက်သွားတာ ပါတဲ့ပိုက်ဆံတွေ အားလုံးရှုံးရောတဲ့၊ ဒါနဲ့ ကြံရာမသိဖြစ်ပြီး နွားဝင်ခိုးခဲ့တာပဲ၊ နွားခိုးလာတဲ့ ထွန်းရင်ကို ရဲတွေကဖမ်းတာပေါ့၊ အလောင်းအစားဝါသနာပါလို့ကတော့ သူခိုးဖြစ်မဲ့လမ်းစပဲကွ၊ ထွန်းရင်ကိုသာကြည့်ပေတော့"

မုန့်မစားဘဲ စုထားသော ညီမလေး၏ ပိုက်ဆံလေးများကို နမြောလှသည်။

ညီမလေး၏ သနားစဖွယ် ငိုရှိုက်နေပုံ၊ ကိုထွန်းညိုကို လူတိုင်းက အထင်သေးဆက်ဆံကြပုံ၊ ကိုထွန်းရင်တစ်ယောက် လက်ထိတ်တန်းလန်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားပုံတို့ကို အောင်မြင့်၏မျက်စိထဲမှာ မြင်ယောင်နေတော့သည်။

"နောက်ဆိုရင် အလောင်းအစားလဲ မလုပ်တော့ပါဘူး၊ ခိုးလဲမခိုးတော့ပါဘူး၊ သားကြောက်သွားပါပြီ၊ ရှက်လဲရှက်ပါတယ် အဖေ"

လောင်းကစားလုပ်ခြင်းက အစပြု၍ သူခိုးဘဝရောက်နိုင်ကြောင်းကို အောင်မြင့် သိသွားလေပြီ။

လောင်းကစားလုပ်ခြင်းသည် သူခိုးဖြစ်မည့် လမ်းစပင် မဟုတ်ပါလော။ ။

**ရေနံ့သာမောင်ကျော်ညွှန့်**

---

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

'ယဉ်ကျေးမှုအမွေ မြန်မာစာပေ' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ အ-ထ-က (နတ်စင်ကုန်း)၊ တောင်ငူမြို့က မမိုးမြင့်ကျော့မှူးကို ပထမဆုအဖြစ်လည်းကောင်း၊ D ဝေလျှံ(ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မကွေးမြို့က မဆွေဆွေအောင်ကို ဒုတိယဆုအဖြစ်လည်းကောင်း၊ D ဝေလျှံ(ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မကွေးမြို့က မမို့မို့ကျော်ကို တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ဖော်ပြထားပါသည်။

# မြန်မာဝေါဟာရကဗျာများ

တင်လင်းဇော်

**နွံကဗျာ**

ရွှံ့နွံထဲမှာ ကိုဖိုးတေ
နွံထဲကျွံလို့နေ။
သူ့ကျွဲတွေက နွံထဲလူး
သူက နွံမှာကူး။

မကျိုးနွံဘူး သူ့သခင်
အနွံအတာမခံချင်။
ကျွဲအုပ်ပိုင်ရှင် ဖိုးတေကြီး
နွံအိုင်ထဲမှာညည်း။ ။

**မိအေးသာရဲ့ ဂုဏ်သတင်း**

စိတ်မနှံ့သူ မိအေးသာ
ဒူးတနန့်နန့် နေရာတကာ။
အနှံ့အပြားသွားလာ တရှံ့ ဒရှံ့
သူ့သတင်းက လွန်ပျံ့နှံ့။

အမြီးနန့်တဲ့ ခွေးတေလေ
မိအေးသာရဲ့ ချစ်မိတ်ဆွေ။
ကလေးငယ်တွေ လွန်ချစ်ခြင်း
မိအေးသာရဲ့ ကောင်းသတင်း
ပျံ့နှံ့ထုံသင်းသင်း။ ။

**မွေးနေ့ပွဲမှာ ဘယ်နယောက်လာ**

အသည်းနလုံး စိတ်နလုံး
နငယ်ဟထိုးသုံး။

နလုံးရောဂါ နလုံးရည်
နငယ်ဟထိုး သုံးပါသည်။
မောင်လည်နမလည် အသုံးမှာလဲ
နငယ် ဟ ထိုးပဲ။

မွေးနေ့ပွဲမှာ ဘယ်သူတွေလာ
ဘယ်နယောက်လဲဗျာ။
မောင်နမမပါ ရေတွက်ကြည့်
အားလုံး ငါးဆယ်ပြည့်။ ။

**အလွယ်မှတ်ကြ ပုနဲ့ပ**

ဖျင်'ပဝါ'တဘက် ခေါင်းပေါင်းကာ
ဝါး'ပလွေ'လေး မှုတ်လို့သာ။
'ပညောင်'ရိပ်မှာ ခဏနား
'ပခြုပ်'ထမ်းလို့ ထွက်ခွာသွား။

ဘုရား'ပုထိုး'ရှေ့ရောက်သော်
'ပုဆစ်တုပ်'ဖူးမြော်။
'ပုတီးစိပ်'နော် ဘုရားရှိခိုး
နေ့စဉ်ရက်ဆက် ကုသိုလ်တိုး။

'ပုဆိုး'ဖြန့်ဖြန့်ထုပ်ပိုးကာ
'ပုတတ်စာ'နှင့် 'သံပရာ'။
'ပုစွန်'လဲပါ 'ပခုံး'ထမ်း
မှတ်ကြရွှင်ရွှင်လန်း။ ။

စာစီစာကုံးပြိုင်ပွဲ

ပထမဆု



မမိုးမြင့်ကျော့မှူး
ကောဒသမတန်း
အ–ထ–က (နတ်စင်ကုန်း)၊
တောင်ငူမြို့၊
ပဲခူးတိုင်းဒေသကြီး။

# ယဉ်ကျေးမှုအမွေ မြန်မာစာပေ

စာပေသည် လူမျိုးတိုင်း၏ အသက်ဝိညာဉ်ဖြစ်သည်။ စာပေယဉ်ကျေးမှုမရှိသောလူမျိုးသည် အသက်ဝိညာဉ်ကင်းမဲ့နေသော ခန္ဓာကိုယ်နှင့်တူပေသည်။ စာပေထွန်းကားသောလူမျိုးနှင့်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဂုဏ်ရှိန်မြင့်မားတင့်တယ်စွာ ရပ်တည်နေနိုင်ပါသည်။ ကျွန်မတို့မြန်မာနိုင်ငံသည်လည်း စာပေယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံထွန်းကားရာနိုင်ငံအဖြစ် ဂုဏ်ယူဖွယ် ကောင်းလှပါတော့သည်။

မြန်မာစာပေအမွေအနှစ်သည် ဗုဒ္ဓယဉ်ကျေးမှုမှ အခြေခံလာခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ မေတ္တာတရားပြည့်ဝသော တရားဓမ္မများကို မှတ်တမ်းတင်ရေးသားခြင်းမှအစပြုကာ စာပေယဉ်ကျေးမှုအမွေပေါ်ထွန်းခဲ့ရပေသည်။ မြန်မာစာပေယဉ်ကျေးမှုကို စနစ်တကျလေ့လာကြည့်ပါက ခေတ်အဆက်ဆက်စာပေရေးဖွဲ့မှုဖြစ်သည့် ကဗျာ၊ လင်္ကာ၊ ရတု၊ ဧချင်း၊ အိုင်ချင်း၊ တျာချင်း၊ လွမ်းချင်း၊ ဒွေးချိုး၊ လေးချိုး၊ ပျို့၊ မော်ကွန်း၊ ကြိုးဘွဲ့၊ ပတ်ပျိုး၊ ဗုံကြီးသံ စသည်ဖြင့် ကဗျာစာပေမျိုးစုံတို့ကို တွေ့ရမည်ဖြစ်ပေသည်။

ဤစာပေအရေးအသားများ၊ စကားပြေများ၊ ကဗျာများနှင့် ပြဇာတ်များသည် မြန်မာတို့၏ စာပေယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို သက်သေပြလျက်ရှိပါသည်။ ခေတ်အဆက်ဆက် မြန်မာတို့၏စာပေအဆင့်အတန်းကို ပုဂံခေတ်ကျောက်စာအရေးအသားများအားလေ့လာ၍ သိရှိနိုင်ပါသည်။ ကျောက်စာများသည် ပုဂံခေတ်လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စ၍ထွန်းကားခဲ့လေသည်။ ပုဂံခေတ်စာဆိုရှင်များ၏ ကဗျာလင်္ကာများပေါ်ထွန်းခဲ့ပုံကလည်း မြန်မာစာပေ၏ယဉ်ကျေးမှုအမွေပင်ဖြစ်သည်။

ပုဂံခေတ်ပျက်သုဉ်းပြီးနောက် ပင်းယခေတ်၌ပေါ်သောဆန်းသစ်သည့်စာပေများမှာ တျာချင်းများ၊ ကာချင်းများနှင့် ရတုများဖြစ်သည်။ ထိုအချိန်တွင် မြန်မာစာပေအရေးအသားသည် ပိုမိုပြေပြစ်ချောမောလာခဲ့သည်။

ပင်းယခေတ်လွန်မြောက်ပြီးနောက် အင်းဝခေတ်တွင် ရဟန်းပညာရှိ၊ လူပညာရှိတို့သည် ပျို့၊ လင်္ကာ၊ အဲချင်း၊ မော်ကွန်းနှင့် ရတုတို့ကို ပြုစုပျိုးထောင်ခဲ့ကြသည်။ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်နှင့် ရှင်မဟာရဋ္ဌသာရတို့သည် အင်းဝခေတ်၏စာဆိုရှင်အကျော်အမော်များဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏စာပေများသည် နှစ်ပေါင်း ၅၅၅ နှစ်ပြည့်မြောက်သည့်တိုင် စာပေယဉ်ကျေးမှုအမွေအဖြစ် တည်ရှိနေသည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှပေသည်။

ရတုနှင့်ဧချင်း တံခွန်စိုက်ရာခေတ်ဟုဆိုထိုက်သော တောင်ငူခေတ်တွင် နတ်ရှင်နောင်၊ ပြည်နဝဒေးကြီး၊ ရှင်သံခို၊ မင်းဧယျရန္တမိတ်နှင့် ရဝေရှင်ထွေးတို့မှာ ထင်ရှားသည်။ ရဝေရှင်ထွေးသည် ဧချင်း၊ ရတုနှင့်လင်္ကာများအပြင် ပုဂံခေတ်အမျိုးသမီးများ၏ဆံထုံးထုံးနည်း ၅၅ မျိုးကို အန်ချင်းကဗျာဖြင့်စပ်ဆိုခဲ့ရာ မြန်မာစာပေ၏ အဆင့်အတန်းမြင့်မားမှုကို မီးမောင်းထိုးပြနေသကဲ့သို့ဖြစ်လေသည်။

ညောင်ရမ်းခေတ်စာပေကမူ စကားပြေထွန်းကားသောခေတ်ဖြစ်ခဲ့သည်။ ဤခေတ်တွင် ဦးကုလားနှင့် ဝန်ကြီးပဒေသရာဇာတို့ ထင်ပေါ်ကျော်ကြားလာခဲ့သည်။ ဦးကုလား၏မဟာရာဇဝင်ကြီးသည် ယနေ့တိုင် ရာဇဝင်ဆရာတို့ လက်မလွှတ်နိုင်သောကျမ်းကြီးဖြစ်၍ ပဒေသရာဇာ၏ပျို့များ၊ တျာချင်းများ၊ ပြဇာတ်များသည် မတိမ်ကောနိုင်သည့်စာပေများဖြစ်သည်။

စာပဒေသာခေတ်ဟုခေါ်ဆိုထိုက်သော ကုန်းဘောင်ခေတ်တွင် ဂီတပညာ၊ မော်ကွန်းများ၊ တေးထပ်၊ လေးဆစ်၊ သတ်ပုံကျမ်း၊ ဓမ္မသတ်ကျမ်းနှင့် ဝတ္ထုစသောစာပေအရေးအသားများ ပေါ်ထွန်းလာခဲ့ရလေသည်။ မြဝတီမင်းကြီးဦးစ၊ စလေဦးပုည၊ မင်းပူးဆရာတော်ဦးသြဘာသ၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော် စသူတို့မှာ မြန်မာစာပေကို အထူးမြေတောင်မြှောက်ပေးခဲ့ သူများဖြစ်သည်။ ဤကျွမ်းကျင်သူပညာရှင်စာဆိုတော်များကြောင့် ကုန်းဘောင်ခေတ် မြန်မာစာပေသည် ကြွားကြွားဝင့်ဝင့်တင့်တယ်စွာတည်ရှိနိုင်ခဲ့သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝလက်အောက်ကျရောက်ခဲ့စဉ် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သော မြန်မာတို့သည် မြန်မာစာပေမတိမ်ကော မပျောက်ကွယ်ရေးအတွက် ကျောင်းသားသပိတ်များဆင်နွှဲကာ အမျိုးသားကျောင်းများတည်ထောင်ပေးရန်တောင်းဆိုခဲ့ကြသည်။ ထိုသို့ ခက်ခဲစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော မြန်မာစာပေယဉ်ကျေးမှု အမွေအနှစ်ကား ကြီးကျယ်မြင့်မြတ်လှပါပေသည်။

သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တို့တွင် မြန်မာတို့၏ စာပေယဉ်ကျေးမှုသည် အစဉ်အလာကြီးမားခဲ့ပါသည်။ ရှေးဘုရင်များလက်ထက်မှစ၍ ယနေ့ခေတ်အထိတိုင် မြန်မာစာပေပညာရှင်များစွာလည်း ပေါ်ထွက်လာခဲ့ပါသည်။ ထိုစာပေပညာရှင်များကို မြှောက်စားချီးမြှင့်ခြင်းသည် မြန်မာစာပေကို လေးစားမြတ်နိုးရာရောက်ပေသည်။ ခေတ်စမ်းကဗျာနှင့် ခေတ်စမ်းစာပေတို့ကြောင့်လည်း မြန်မာစာပေသည် တည်တံ့ခိုင်မြဲလာရပေသည်။

ယနေ့ခေတ်တွင်လည်း နိုင်ငံတော်ကကြီးမှူး၍ ရှေးဟောင်းစာပေများ၊ ကျောက်စာများနှင့် သမိုင်းတစ်လျှောက်တွေ့ရှိရသော စာပေပေါင်းများစွာတို့ကို ကောင်းစွာထိန်းသိမ်း၍ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မျိုးဆက်သစ်စာပေပညာရှင်များပေါ်ထွန်းလာစေရန် အမျိုးသားစာပေဆုများချီးမြှင့်ကာ မြေတောင်မြှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှု၍ နိုင်ငံတော်၏မြန်မာစာပေအပေါ် မြတ်နိုးတန်ဖိုးထားမှုကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။


ကျွန်မတို့ မျိုးဆက်သစ်လူငယ်လေးများသည်လည်း မြန်မာစာပေယဉ်ကျေးမှု၏အရေးပါအရာရောက်မှုကို သိရှိရန်လိုအပ်ပါသည်။ ထို့ကြောင့်ပင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပါမောက္ခများသည် မြန်မာစာသင်ရိုးကို အဆင့်မြင့်တင်၍ ခေတ်အဆက်ဆက်စာဆိုအကျော်အမော်များ၏ စာပေများကို ထည့်သွင်းသင်ကြားစေခဲ့ပါသည်။ မြန်မာစာပေကိုဂုဏ်၊ အလင်္ကာ၊ ရသများဖြင့် ခံစားရေးဖွဲ့တတ်စေရန် သင်ကြားပေးလျက်ရှိပါသည်။

ဤသို့လျှင် မြန်မာတို့သည် မြန်မာစာပေယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်မြင့်မားအောင် အစဉ်ကြိုးပမ်းရမည်သာမက ဖျက်ဆီးဖြိုဖျက်ခံရမည့်ဘေးအန္တရာယ်မှလည်း ကာကွယ်စောင့်ရှောက်ရပါမည်။ မြန်မာစာပေများကို ဂရုတစိုက်မှတ်သားထိန်းသိမ်းကြမှသာ ကျွန်မတို့၏ "ယဉ်ကျေးမှုအမွေ"ကို စောင့်ရှောက်ရာရောက်ပေမည်။ သို့မှသာ စာပေယဉ်ကျေးမှုအမွေအနှစ်များ မြင့်မားကြွယ်ဝသော မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည်မှာ ဧကန်မုချပင်ဖြစ်ပေတော့သည်။ ။

**မမိုးမြင့်ကျော်မှူး**

# တီတီလေးနဲ့ ပုံဆွဲမယ်

TTL



တေဇကလေးတို့ရေ . . .

ပုံဆွဲဖို့ဝါသနာပါပေမဲ့ ဆွဲရခက်နေတဲ့ကလေးတွေ ရှိကြပါလိမ့်မယ်။ ဘာမှ သောကရောက်မနေကြပါနဲ့နော်။ တီတီလေးဖြေရှင်းပေးပါ့မယ်။ ဖော်ပြပါပုံလေးမှာ နံပါတ်ကလေးတွေနဲ့ပြထားတဲ့ အစက်ကလေးတွေကို (1)ကစပြီး အစဉ်လိုက် တစ်ဆက်တည်းရေးဆွဲသွားရင် ပုံလေးတစ်ပုံကို ရေးဆွဲပြီးသားဖြစ်သွားလိမ့်မယ်။ ဒီလိုပုံမျိုးတွေကို မကြာခဏလေ့ကျင့်ရေးဆွဲပေးရင် အကောင်လေးတွေရဲ့ ပုံပန်းသွင်ပြင်ဟန်ကိုသိလာပြီး ပန်းချီရေးဆွဲရာမှာ အထောက်အကူဖြစ်လာပါလိမ့်မယ်။ ပုံဆွဲပြီးရင် ဆေးရောင်လဲ ခြယ်လို့ရသေးတယ်နော်။ ။



# သင်္ချာ ဉာဏ်ရည်

မဖူးဖူး

တေဇကလေးတို့ရေ . . .

အလွန်တော်တဲ့ကလေးတွေနဲ့ Sudoku ဆိုတဲ့ ဉာဏ်ရည်မြင့်ကစားနည်းလေးကို ကစားကြည့်ရအောင်။ ဒီကစားနည်းဟာ လေးထောင့်ကွက်တစ်ခုချင်းစီထဲမှာ ၁ ကနေ ၉ အထိ ဂဏန်းအားလုံးကို ပြည့်အောင်ထည့်ပေးရမှာဖြစ်တယ်။ ပထမအကွက်ထဲမှာ ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ပြီးရင် ဒုတိယအကွက်ထဲကို ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်။ ဒီလိုနဲ့ အကွက် ၉ ကွက်စလုံး ပြည့်အောင်ဖြည့်ပြီးရင် အတန်းလိုက်ရော ဒေါင်လိုက်အကွက်လေးတွေ ၉ ကွက်စလုံးမှာပါ ၁ ကနေ ၉ အထိ ဂဏန်းတွေ မထပ်စေရဘဲဖြစ်နေရပါမယ်။

လွယ်တယ်ထင်ပေမဲ့ ဉာဏ်အတော်သုံးရမဲ့ ကစားနည်းလေးပါ။ ဂဏန်းအားလုံးဖြည့်ပြီးရင် ဘယ်အတန်းလိုက်မဆို၊ ဘယ်အကွက်ထဲမဆို အားလုံးကိုကြည့်လိုက်ရင် ၁ ကနေ ၉ အထိ ဂဏန်းတွေဟာ မထပ်ဘဲပြည့်စုံနေရပါမယ်။ ကစားကြည့်လိုက်ကြရအောင်။ အဖြေကို စာမျက်နှာတစ်နေရာမှာ ဖော်ပြထားပါတယ်။


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 3 | | | | | | | 5 | |
| | | 7 | | 4 | 2 | | | 1 |
| | 1 | 9 | | | | 8 | | |
| | | | 2 | | | | | |
| 8 | 7 | | 9 | | | 3 | | |
| 1 | | | | | | 7 | 6 | 8 |
| | 2 | | 7 | 5 | | | | 4 |
| | | 1 | | | | 5 | | |
| | | | | | | | 8 | |

# ရှာမယ်၊ ဖြည့်မယ်

မွေး

တေဇကလေးတို့ရေ . . .

ပျောက်နေတဲ့အကောင်လေးတွေကို ရှာဖွေဖြည့်ကြရအောင်။ ဒီကစားနည်းလေးက ကလေးတို့ရဲ့ဦးနှောက်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါမယ်။ ဘယ်အရာက ဘာလဲဆိုတာ တွေးခေါ်တတ်စေလိမ့်မယ်။ ကိုင်း . . . စကြရအောင်နော်။ ။




နောင်တေဇ

# ဝင်္ကပါလမ်း

တေဇကလေးတို့ရေ . . .

တစ်ကြိမ်တည်းနဲ့ လမ်းမမှားဘဲ သွားနိုင်မလား။ (တစ်ကြိမ်တည်း)နော်။ ။



# ၂၀၂၃ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကြိုးစားမှုရလဒ် | ၃၀–၁၁–၂၀၂၂၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | ကျွန်ုပ်ဖတ်ခဲ့ဖူးသော စာအုပ်များအကြောင်း | ၃၁–၁၂–၂၀၂၂၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ရွှေဦးကျက်သရေ | ၃၁–၁–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | စာကြည့်တိုက်မှာ ပညာရှာ | ၂၈–၂–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | ကျောင်းသားနှင့် ကျန်းမာရေး | ၃၁–၃–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | လူငယ်နှင့်စည်းကမ်း | ၃၀–၄–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့ | ၃၁–၅–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | လူငယ်နှင့် စာပေလေ့လာမှု | ၃၀–၆–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | ထွန်းကားလာမည့် ပညာခေတ် | ၃၁–၇–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | လည်ပတ်ခဲ့သော ခရီးတစ်ခု | ၃၁–၈–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ | ၃၀–၉–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | ဆောင်းလရာသီ | ၃၁–၁၀–၂၀၂၃၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့

တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၄၀၃၂၅၈၄၅၁

# သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း (Einstein) နှင့် နျူကလီးယားစွမ်းအင် (Nuclear Energy)


ဒေါက်တာသန့်စင်(ရူပဗေဒ)

နျူကလီးယားစွမ်းအင်လို့ ပြောရင် ရူပဗေဒပညာရှင်ကြီး အိုင်းစတိုင်း (Albert Einstein) ကို အရင်ဦးစွာ သတိရကြမှာဖြစ်ပါတယ်။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကို ၁၈၇၉ ခုနှစ်၊ မတ်လ ၁၄ ရက်မှာ ဂျာမနီနိုင်ငံမှာ မွေးဖွားခဲ့ပါတယ်။ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့မှာ ပြောင်းရွှေ့ပညာသင်ကြားအလုပ်လုပ်ခဲ့ရကာ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁၈ ရက် အသက် ၇၆ နှစ်အရွယ်မှာ အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်မှာကွယ်လွန်ခဲ့ပါတယ်။ ရူပဗေဒဆိုင်ရာတွေ့ရှိချက်များစွာကိုဖော်ထုတ်နိုင်ခဲ့ကာ ဆုတံဆိပ်ပေါင်းများစွာရရှိခဲ့သူဖြစ်ပါတယ်။ ၁၉၂၁ ခုနှစ်မှာ နိုဘယ်လ်ဆု (Nobel Prize) ကို ရရှိခဲ့ပါတယ်။

သူ့ရဲ့တွေ့ရှိချက်များက ဒြပ်ထုနဲ့ စွမ်းအင်ဆက်သွယ်မှုညီမျှခြင်း ($E=mc^2$) ကို လူတိုင်းနီးပါးမှတ်မိကြမှာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်အရ ဒြပ်ထုရှိရင် စွမ်းအင်ရှိကာ ယူရေနီယံ (Uranium) ဒြပ်စင်ကို











နျူထရွန်အနှေး (Slow Neutron) နဲ့ ဝင်တိုက်လိုက်ပါက နျူကလီးယား စွမ်းအင်ရရှိနိုင်တာကို ၁၉၃၀ ပြည့်နှစ်မှာ ရူပဗေဒပညာရှင်ဖာမီ (Fermi) က စတင်သုတေသနပြုခဲ့ပါတယ်။

ရူပဗေဒပညာရှင် ဖာမီဟာ အီတလီနိုင်ငံသားဖြစ်ပေမဲ့ အမေရိကန်နိုင်ငံမှာပညာသင်ရင်း အမေရိကန်နိုင်ငံသားခံယူခဲ့ပါတယ်။ ရူပဗေဒပညာရပ်မှာ အလွန်နာမည်ကြီးတဲ့ သိပ္ပံပညာရှင်တစ်ဦးဖြစ်ပါတယ်။

အိုင်းစတိုင်း၊ ဖာမီတို့ရဲ့တွေ့ရှိချက်ကို အခြေခံကာ အမေရိကန်နိုင်ငံသား ရူပဗေဒပညာရှင် ရောဘတ်အိုပင်ဟိုင်းမား (J.Robert Oppenheimer) က ပထမဦးဆုံး နျူကလီးယားဗုံး (Nuclear Bomb) ကို ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ နျူကလီးယားကွဲထွက်မှုက စွမ်းအင်ထွက်ရှိမှု (Nuclear Fission) ကို အခြေခံတာ ဖြစ်ပါတယ်။

အဲဒီနောက် နျူကလီးယားပေါင်းစည်းမှုစွမ်းအင် (Nuclear Fusion) ကို ရူပဗေဒပညာရှင်တယ်လာ (Edward Teller) က ထပ်မံတွေ့ရှိခဲ့ကာ ဒီစွမ်းအင်ဟာ နျူက







$$ {}_{0}^{1}n + {}_{92}^{235}\mathrm{U} \rightarrow {}_{36}^{91}\mathrm{Kr} + {}_{56}^{142}\mathrm{Ba} + 3({}_{0}^{1}n) $$

လီးယားဗုံးထက် ပိုမိုစွမ်းအင်ကြီးမားပါတယ်။ နေ (Sun) ရဲ့ အတွင်းပိုင်းမှာလောင်ကျွမ်းနေတဲ့ နျူကလီးယားတွေ ပေါင်းစည်းတာကြောင့် အပူချိန်စင်တီဂရိတ်သန်းနဲ့ချီကာ စွမ်းအင်များဖြစ်ပေါ်နေပါတယ်။ ဒီစွမ်းအင်ကဖြစ်ပေါ်လာတဲ့ အလင်းနဲ့ အပူစွမ်းအင်များကို ကမ္ဘာကြီးက ရရှိနေတာဖြစ်ပါတယ်။

ကမ္ဘာကြီးအတွက်လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်ကို နျူကလီးယားဓာတ်ပေါင်းဖို (Nuclear Reactor) များ တည်ဆောက်ကာ ထုတ်ယူနိုင်ပါတယ်။ နျူကလီးယားစွမ်းအင်ကရရှိတဲ့ အပူစွမ်းအင်ကို အသုံးပြုပြီး ရေနွေးငွေ့တာဘိုင်စက်များကို လည်ပတ်စေကာ လျှပ်စစ်ထုတ်ယူတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုကို PWR (Pressurized Water Reactor) လို့ခေါ်ပါတယ်။

ဒီနျူကလီးယားဓာတ်ပေါင်းဖိုများက လျှပ်စစ်မဂ္ဂါဝပ်များစွာကို ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်ပါတယ်။ နျူကလီးယားစွမ်းအင်ဟာ ကောင်းမွန်စွာအသုံးပြုပါက လူသားတို့အတွက် များစွာအကျိုးရှိတဲ့ စွမ်းအင်တစ်ခုဖြစ်ပါတယ်။ ။

**ဒေါက်တာသန့်စင်(ရူပဗေဒ)**



# ကမ္ဘာ့ထိပ်တန်း မသန်စွမ်းတင်းနစ်အားကစားမယ် အက်စတာဗာဂျီယာ (Esther Vergeer)

သန့်သူရ



**တေဇကလေးတို့ရေ...**

ဒီလမှာတော့ တေဇကလေးတို့အတွက် အတုယူအားကျစရာကောင်းတဲ့ ကမ္ဘာ့ထိပ်တန်းမသန်စွမ်း တင်းနစ်အားကစားမယ် အက်စတာဗာဂျီယာ(Esther Vergeer) ရဲ့အကြောင်းကို ပြောပြချင်ပါတယ်။

အက်စတာဗာဂျီယာကို နယ်သာလန်နိုင်ငံမှာ ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်မှာ မွေးဖွားခဲ့ကာ ဒတ်ချ်(Dutch) လူမျိုးဖြစ်ပါတယ်။ ငယ်စဉ်ကလေးဘဝကတည်းက အားကစားကို အင်မတန်ဝါသနာပါတဲ့သူဖြစ်ပါတယ်။

အသက် ၆ နှစ်အရွယ်မှာ ရေကူးသင်တန်းတက်နေစဉ် မူးဝေပြီး သတိလစ်ရာကနေ ဦးနှောက်သွေးကြောပေါက်ခဲ့တယ်။ အဲဒီ ဦးနှောက်သွေးကြောပေါက်တဲ့ ဒဏ်ရာကြောင့် လေဖြတ်ရောဂါရခဲ့ပါတယ်။ ဒီလိုနဲ့ ၁၉၉၀ ပြည့်နှစ်အတွင်းမှာတော့ လေဖြတ်ရာကနေ အောက်ပိုင်းသေသွားခဲ့ပါတယ်။


အက်စတာဗာဂျီယာဟာ ပြန်လည်ထူထောင်ရေးကာလအတွင်း မိမိဘဝကိုအရှုံးမပေးဘဲ ကြိုးစားခဲ့တယ်။ ဘီးတပ်ကုလားထိုင်ပေါ် ထိုင်ရင်း ဘော်လီဘော၊ ဘတ်စကက်ဘောနဲ့ တင်းနစ်ကစားခြင်းတွေကို လေ့လာလေ့ကျင့်သင်ယူခဲ့တယ်။ အဲဒီလို ကာလအတော်ကြာဘဝကို အားကစားလောကမှာ မြှုပ်နှံကစားရင်း နိုင်ငံ့ကိုယ်စားပြု ဘီးတပ်ကုလားထိုင်ဘတ်စကက်ဘောအသင်းမှာ ကစားခွင့်ရခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ နိုင်ငံ့လက်ရွေးစင်ဘတ်စကက်ဘောအသင်းနဲ့အတူ ဥရောပချန်ပီယံဆုဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဘတ်စကက်ဘောအသင်းမှာ ကစားရင်းနဲ့လဲ တင်းနစ်ကို ၁၉၉၆ ခုနှစ်ကစပြီး ကစားခဲ့တယ်။ ၁၉၉၈ ခုနှစ်မှာ 'Wheelchair Tennis Master' ဆုကို ရရှိခဲ့ပါတယ်။

၂၀၀၃ ခုနှစ်မှာ ကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲရဲ့ ဗိုလ်လုပွဲစဉ်မှာ အမေရိကန်နိုင်ငံကို အနိုင်ယူခဲ့ကာ ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့တယ်။ အက်စတာဗာဂျီယာဟာ ကမ္ဘာ့အဆင့်တစ်ဦးချင်း အားကစားပြိုင်ပွဲ ၁၆၂ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ၁၃၄ ပွဲ အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ သူဟာ ကမ္ဘာ့အားကစားလောကသမိုင်းမှာ ဆုအများဆုံးရရှိထားတဲ့ မသန်စွမ်းတင်းနစ်အားကစားမယ်အဖြစ် မှတ်တမ်းဝင်ခဲ့သူ ဖြစ်ပါတယ်။


၂၀၁၃ ခုနှစ်မှာတော့ အက်စတာဗာဂျီယာဟာ အားကစားသမားဘဝကနေ အနားယူခဲ့ပြီး နည်းပြအဖြစ်တာဝန်ယူခဲ့ပါတယ်။ မသန်စွမ်းပေမဲ့ ကမ္ဘာ့ထိပ်တန်းတင်းနစ်အားကစားမယ်အဖြစ် ကြိုးစားရပ်တည်ပြနိုင်ခဲ့တဲ့အက်စတာဗာဂျီယာရဲ့ စိတ်ဓာတ်နဲ့ဝီရိယကိုတော့ တေဇကလေးတို့ အတုယူစေချင်ပါတယ်။ ။

သန့်သူရ


ဂျာအေး
ပါဝင်သည်
စပိုက်ဒါမင်းနဲ့ဂျာအေး
CARTOON:
Gyar Aye
Spiderman Gyar Aye
Cartoon: Aung Kyaw
Tr: BMK
ပါပီရေ...ဟေ့... ပါပီ...
"Puppy...Puppy"
ငါဘယ်သူလဲ ကြည့်လိုက်စမ်း...
"Who am I? Look at me."
ဂျာအေးကငါဘယ်သူလဲ ဆိုတော့ဘယ်လိုပြော ရမလဲပေါ့နော်...
"Gyar Aye asked me who he was. How will I tell him?"


ဟာ...ဂျာအေးက ဘယ်လို ဖြစ်သွားတာလဲ...
"Oh! What happened to Gyar Aye?"
ဘယ်လိုလဲ တွေ့တယ် မဟုတ်လား...
"How? Do you see me?"
ထုံးစံအတိုင်း လစ်မှ...
"We will fly away as usual."
ဂျာအေးက စပိုက်ဒါမင်း ဖြစ်သွားပါလားဟ...
"Gyar Aye has become a spiderman."


"I will eliminate the bad ones and save the good ones. Spiderman Gyar Aye is coming. Hi! Yar!"
"I encourage you like this."
"Gyar Aye must be for public."
"Yes, Puppy, I am spiderman Gyar Aye."



ပြောနေရင် ကြာတယ်၊ ပြောမနေရင် မကြာဘူး၊ ကဲကွာ...
"If I tell you, it will take long."
ဟာ... ဂျာအေးခုတင်ပေါ် ကခုန်ချသွားပြီ...
"Ha!! Gyar Aye is jumping down the bed."
"Bone!"
အမေဝယ်ပေးတဲ့စပိုက်ဒါမင်းနဲ့ မျက်နှာဖုံးလေးရလို့စိတ်ကူးယဉ် လွန်သွားတာဟီး...
"As I got the mask of the spiderman my mother bought, I imagined overly." "Hee!"
အဲဒါကြောင့် ဂျာအေးကိုသူ့ အမေရိုက်တာ...
"That's why Gyar Aye is beaten by his mother."


ဇွဲမလျှော့တဲ့ ဖား
ရေးသားသူ ခင်နဒီ
သရုပ်ဖော် အောင်အောင်ထွေး
Unrelenting frog
Story: Khin Nadi
Illustration: Aung Aung Htwe
Tr: BMK
တစ်ခါတုန်းက ဖားတစ်အုပ်ဟာ တောအုပ်တစ်ခုအတွင်း ဖြတ်သန်းသွားကြရင်း ဖားနှစ်ကောင်ဟာ မတ်စောက်တဲ့ မြောင်းတစ်ခုထဲ ပြုတ်ကျသွားတယ်။
Once upon a time, while a group of frogs were passing through a forest, two frogs dropped into the deep ditch.


သူတို့နှစ်ကောင်ဟာ မြောင်းထဲက ပြန်တက်ဖို့ကြိုးစားကြတယ်။
The two frogs tried to jump up from the ditch.
ဂွပ်...
"Kwut!"



တခြားဖားတွေက...
Other frogs said,
မင်းတို့ ခုန်တက် မနေနဲ့၊ မင်းတို့ခုန်မတက်နိုင်ဘူး၊ မင်းတို့ အမောဆို့ပြီး သေကုန်မယ်။
"Don't jump up. You aren't able to jump up. You will be exhausted and die."
ဖားနှစ်ကောင်ဟာ တခြားဖားတွေပြောတာကို နားမထောင်ဘူး။ ဆက်ပြီးခုန်တက်ကြည့်နေတယ်။
The two frogs did not heed what other frogs said and continued jumping.
နောက်ဆုံးတော့ ဖားနှစ်ကောင်ထဲက တစ်ကောင်က စိတ်လျှော့လိုက်တယ်။
Finally, one of the two frogs gave up.
ငါတော့ မောနေပြီ၊ မခုန်တက်နိုင်တော့ဘူး။
"I'm exhausted. I can't jump anymore."



အဲဒီလို စိတ်လျှော့လိုက်တဲ့ ဖားဟာ သိပ်မကြာခင် မှာပဲ သေဆုံးသွားတော့တယ်
The frog that gave up like that soon died.
ကျန်တဲ့ဖားက သူ့အဖော်ဖားသေသွားတာကိုတွေ့တော့...
When the remaining frog saw the death of his partner,
ဟာ... သူသေသွားပြီ၊ ဒါပေမဲ့ ငါဆက်ပြီး ကြိုးစားရမယ်။
"Ha! He is not still alive. But I must continue trying."
ဒါပေမဲ့ သူတစ်ခါခုန်လိုက်တိုင်း မြောင်းအပေါ်ကဖားတွေက...
But, when he jumped on time,
ဟေ့ကောင်... မင်းမခုန် နဲ့တော့။ အမောဆို့လိမ့်မယ်။
"Hey!, Guy, don't jump! You will be exhausted."


မြောင်းထဲမှာ သေမဲ့အတူတူ အမောခံပြီး မသေနဲ့။
"You will die in the ditch. So don't do to be tried."
သက်သောင့်သက်သာ နေစမ်းပါကွာ...
"Be comfortable."
သူတို့က တားပေမဲ့ မြောင်းထဲကဖားကတော့ အားမလျော့ဘူး ... ဆက်ခုန်နေတုန်းပဲ။
Although they prohibited him, the frog in the ditch did not give up and continued jumping.
နောက်ဆုံးမှာတော့ သူဟာအားကုန်သုံးပြီးခုန်လိုက်တဲ့အခါ ကံအားလျော်စွာ မြောင်းဘောင်ပေါ်ကိုရောက်သွားတယ်။
Finally, when he jumped up with full strength, he landed fortunately on the ditch.



တခြားဖားတွေက...
Other frogs said,
ဟာ... ဒီကောင် လွတ်အောင် ခုန်နိုင်တယ်ကွ...
"Ha!, this frog can jump to escape."
ချန်ပီယံပဲ...
"Champion"


မောပဲ... မောပဲ...
မြောင်းထဲကနေလွတ်အောင် ခုန်ရတဲ့အတွက် မောပန်းနေတယ်။
He was tired as he had to jump to escape from the ditch.


အခြားဖားတွေကရေရှာပြီး တိုက်ကြတယ်။
Other frogs looked for water and gave him.



အမောပြေအောင် ဝိုင်းပြီး ပြုစုကြတယ်။
They took care of him.


သူ အမောပြေတော့ တခြားဖားတွေက ဝိုင်းမေးကြတယ်
When he was not tired, other frogs asked him.
မင်းကို ငါတို့က မြောင်းထဲ ကနေ မခုန်ဖို့ ဝိုင်းအော်ပြော နေကြတာ...
"We told him not to jump from the ditch."



ဒါပေမဲ့ မင်းက ခုန်တာကို မရပ်ဘူးနော်။
"But, you didn't stop jumping."


အဲဒီတော့ မင်းတို့အံ့သြ သွားကြပြီမဟုတ်လား။
"So are you interested?"
မင်းတို့ ငါ့ကိုမခုန်ဖို့ပြောတာ ငါက ငါ့ကိုဝိုင်းပြီးအားပေးနေ တယ်ထင်တာ။
"You told me not to jump.
But I thought you were encouraging me."
ဘာဖြစ်လို့လဲဆိုတော့ ငါကနားနည်းနည်းလေးတယ်လေ။ မင်းတို့ ငါ့ကိုမခုန်ဖို့ပြောတာကို ငါက ကောင်းကောင်းမကြားတာ...
"This is because I am a little deaf.
I didn't hear your words clearly."
ဪ...
"Aww"


အဲဒီကိစ္စကိုအစအဆုံးသိတဲ့ဖားခေါင်းဆောင်ကြီးကဆုံးမတယ်။
The leader of the frogs, which knew the case from beginning to end, lectured them.
လောကကြီးမှာသူများပြောတာကိုဂရုမစိုက်ဘဲ ကိုယ်လုပ်စရာရှိတာကိုလုပ်မှအောင်မြင်တာပဲ...
"You will be successful if you don't heed what others said and do what we have to do."


ဖားတွေကတညီတညွတ်တည်းအော်ပြောလိုက်ကြတယ်။
The frogs replied in unison,
ကျွန်တော်တို့မှတ်ထားပါမယ်။
"We'll note it."
ပြီး

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို
စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင်
စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆။